ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်၊ သောကြာနေ့၊ (19-5-2006) (၄၉၆၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် (နိုင်ငံရေးရာ) မစ္စတာ အီဘရာဟင်၊ အေ၊ ဂမ်ဘာရီနှင့်အဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းတို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်(နိုင်ငံရေးရာ) မစ္စတာ အီဘရာဟင်၊အေ၊ဂမ်ဘာရီနှင့်အဖွဲ့ ရောက်ရှိ

ရန်ကုန် မေ ၁၈

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၏ဖိတ်ကြားချက်အရ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် (နိုင်ငံရေးရာ) မစ္စတာအီဘရာဟင်၊ အေ၊ဂမ်ဘာရီသည် စင်ကာပူသမ္မတနိုင်ငံမှ ဆစ်(ခ)လေကြောင်းဖြင့် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

မစ္စတာ အီဘရာဟင်၊အေ၊ဂမ်ဘာရီအား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြ၊ နယူးယောက်မြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးကျော်တင့်ဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

မစ္စတာအီဘရာဟင်၊အေ၊ဂမ်ဘာရီနှင့်အတူ ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဌာနခွဲမှ ညွှန်ကြားရေးမှူး မစ္စတာမိုက်ကယ်ဝီလီယံ၊ဒုတိယညွှန်ကြားရေးမှူး မစ္စဘန်ယောင်ချူးနှင့် ယူအင်ဒီပီမှ မစ္စတာချားလ်စ်ပေထရီတို့ လိုက်ပါလာကြသည်။ (သတင်းစဉ်)

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး စိုက်ပျိုးရေနှင့် သောက်သုံးရေ ပေးနိုင်မည့် မဒေး ရေလှောင်တမံ

သတင်းမှတ်တမ်း၊ဓာတ်ပုံ–ခင်မောင်သန်း(စက်မှု)

ရန်ကုန် မေ ၁၈

မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့သည် အပူပိုင်းဒေသများဖြစ်သည့်အလျောက် မိုးနည်းရေရှားသည့် နယ်မြေများ ဖြစ်ခဲ့သည်။

ထို့ကြောင့် နိုင်ငံတော်က အဆိုပါဒေသများ စိမ်းလန်းစိုပြည်ရေးအတွက် ကိုးခရိုင် စိမ်းလန်းစိုပြည်ရေးစီမံကိန်းများကို ဆောင်ရွက်ပေးခဲ့ရာ ယခုအခါ ၁၃ ခရိုင်အထိပင် တိုးချဲ့ဆောင်ရွက်နေပေသည်။ အဆိုပါ ဒေသများသည် ယနေ့အချိန်အခါတွင် စိုက်ရေ၊ပျိုးရေ တိုးတက်ရရှိ၍ စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်သကဲ့သို့ ဒေသစိမ်းလန်းစိုပြည်ရေးကိုပါ တိုးတက်ဖော်ဆောင်နိုင်ခဲ့ပြီဖြစ်သည်။

မကွေးတိုင်းတွင်လည်း မကွေးတိုင်းအနောက်ခြမ်းမှ ကံမ၊ မင်းတုန်း မြို့နယ်များသည် ပူပြင်းခြောက်သွေ့သော ဒေသများဖြစ်၍ နိုင်ငံတော်က ရေရရှိရေးစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သည်။ အဆိုပါရေရရှိရေး စီမံကိန်းများအနက် မကွေးတိုင်း၊ ကံမမြို့နယ်၊ ကြို့ပင်ကျေးရွာအနီး၌ တည်ဆောက်နေသည့် မဒေးရေလှောင်တမံလည်း တစ်ခုအပါအဝင်ဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ●

မဒေးရေလှောင်တမံ၏ ရေထိန်းမျှော်စင် တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

ကြေးမုံ The Mirror ဆောင်းပါးအညွှန်း

ဤဒေသ၌ KNU တို့၏ မိုင်းဒဏ်ကြောင့် ဒဏ်ရာရသည့် လူနာများ နှစ်စဉ်ရှိခဲ့သည်။ ၂၀၀၄ ခုနှစ်က ၁၆ ယောက်၊ ၂၀၀၅ ခုနှစ်က ၁၄ ယောက်၊ ယခု ၂၀၀၆ ခုနှစ် မေလ ၁၃ ရက်နေ့အထိ ၁၈ ယောက် ဒဏ်ရာရရှိခဲ့သည်။

စာဖတ်သူတစ်ဦး၏ **"ကိုယ်တွေ့မျက်မြင် လေ့လာရေးခရီးစဉ် (၂)"**

(ဆောင်းပါး) စာမျက်နှာ (၈/၉)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

19-5)01.P65 1 1/1/32, 7:24 AM

ကြေးမုံ
The Mirror
၁၉-၅-၂၀၀၆
(သောကြာနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြို့ပြ သန့်ရှင်းသာယာလှပရေး အလေးထား ပြည်သူအားလုံး ဝိုင်းဝန်းပါဝင်ကူညီ

မျက်မှောက်ကာလတွင် ကမ္ဘာ့နိုင်ငံတိုင်း၌ လူဦးရေတိုးပွားလာလျက်ရှိသည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မြို့ပြလူဦးရေ လျင်မြန်စွာတိုးတက်လျက်ရှိကြောင်း တွေ့နေရသည်။

မြန်မာနိုင်ငံတွင်လည်း အခြားဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ လူဦးရေ တိုးတက်လျက်ရှိသည်။ နိုင်ငံတစ်ဝန်းရှိ မြို့ကြီးများတွင် လူဦးရေ တစ်နေ့တခြား တိုးပွားလာခြင်းကြောင့် အိမ်ရာစီမံကိန်းအသစ်များ ဖော်ထုတ်ပြီး မြို့ပြရပ်ကွက်များ၌ ပြန်လည်နေရာချထားပေးလျက်ရှိသည်။

စီးပွားရေးအချက်အချာကျသည့် မြို့ကြီးများကိုလည်း မြို့ပြအင်္ဂါရပ်များနှင့်အညီ သန့်ရှင်းသာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေးအစီအမံများ ချမှတ်၍ ဖော်ဆောင်လျက်ရှိသည်။ ဥယျာဉ်ပန်းခြံများ၊ ရေကန်များဖြင့် သဘာဝပတ်ဝန်းကျင် သာယာလှပရေး၊ ပြည်သူများ အပန်းဖြေ အနားယူနိုင်ရေးတို့အတွက် ဖန်တီးတည်ဆောက်လျက်ရှိသည်။

မြို့ကြီးများအတွင်း သန့်ရှင်းသာယာလှပရေးနှင့် ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် လမ်းများကို အဆင့်မြှင့်တင်၊ ကွန်ကရစ် ကတ္တရာလမ်းသားတင် ခင်းကျင်းလျက်ရှိသည်။ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများမှ အမှိုက်များ၊ နုန်းများ ရှင်းလင်းနေကြသည်။ အဆိုပါလုပ်ငန်းများကို ဌာနဆိုင်ရာနှင့်အတူ ရပ်ကွက်ပြည်သူများလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မြို့ပြသန့်ရှင်းသာယာလှပရေးလုပ်ငန်းများသည် တစ်နေ့ချင်း၊ တစ်လချင်း ဆောင်ရွက်၍ ပြီးစီးသွားသည်မဟုတ်ဘဲ နေ့စဉ်နေ့တိုင်း စနစ်တကျ ဖော်ဆောင်ကြရမည့်လုပ်ငန်းများ၊ ပြည်သူတိုင်း လိုက်နာကျင့်သုံးကြရမည့် တာဝန်များဖြစ်သည်။

အမှိုက်သရိုက်အညစ်အကြေးများ စည်းကမ်းမဲ့စွန့်ပစ်ခြင်း၊ ရေချိုးကန်၊ ရေဘုံပိုင်များဖွင့်ထား၍ ရေများ အလဟဿ ဆုံးရှုံးစေခြင်း၊ လူသွားလမ်းများ၊ စင်္ကြံများအပေါ်ကျူးကျော်၍ ကိုယ်ကျိုးအတွက် အသုံးပြုနေခြင်း၊ အလှစိုက်သစ်ပင် ပန်းပင်များ ခုတ်လှဲခြင်း၊ ခရီးသည်တင်ယာဉ်များပေါ်မှ အမှိုက်များပစ်ချခြင်း၊ လမ်းပေါ်သို့ ကွမ်းတံတွေးများ ထွေးချခြင်းတို့သည် မြို့၏အလှ၊ မြို့၏သာယာမှုများကို အကျည်းတန်အရုပ်ဆိုးစေသည်။

စည်းကမ်းဖောက်ဖျက်သူ၊ ပြည်သူတိုင်း လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်ပျက်ကွက်သူ အရေအတွက်မှာ စည်းကမ်းကို တန်ဖိုးထားရှိသေလေးစား လိုက်နာသူအရေအတွက်နှင့်နှိုင်းစာလျှင် အစိတ်အပိုင်း တစ်ရပ်မျှသာ ဖြစ်သည်။

စည်းကမ်းမဲ့သူအချို့၏ ချို့ယွင်းအားနည်းမှု၊ လက်လွတ်စပယ်ပြုမှုများသည် မြို့ပြနေပြည်သူအားလုံး၏ အကျိုးစီးပွားကို ထိခိုက်ဆုတ်ယုတ်စေနိုင်သည်။ ပတ်ဝန်းကျင်သန့်ရှင်းရေးကို ပျက်ယွင်းစေသည်။ ထို့ကြောင့် မြို့ပြစည်းကမ်းနှင့်အညီ စနစ်တကျနေထိုင်ကြရေး အတွက် ပြည်သူအချင်းချင်း၊ မိသားစုအချင်းချင်း စည်းရုံးထိန်းသိမ်းသွားကြရမည် ဖြစ်သည်။ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်း ဖောက်ဖျက်ကျူးလွန်သူများကိုလည်း ထိထိရောက်ရောက် အရေးယူသင့်ပေသည်။

သို့ဖြစ်ရာ မြို့ကြီးပြကြီးတိုင်းတွင် မြို့ပြအင်္ဂါရပ်များနှင့်အညီ သန့်ရှင်းသာယာလှပရေး၊ ပတ်ဝန်းကျင်သန့်ရှင်း ကျန်းမာရေးတို့ အတွက် လူတိုင်း လူတိုင်းက အခြေခံစည်းကမ်းများ လိုက်နာစောင့်ထိန်းမှုကို မြှင့်တင်ရင်း မြို့ပြသန့်ရှင်းရေးလုပ်ငန်းများ၌ အသိတရားဖြင့် ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပဉ္စနိကာယ သာသနဗိမာန်ကျောင်းတိုက် သာသနာ့အာဇာနည် ဂုဏ်ပြုပူဇော်ပွဲကျင်းပ

ရန်ကုန် မေ ၁၈

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ပဉ္စနိကာယ သာသနဗိမာန်ကျောင်းတိုက်မှ ယခုနှစ်ကျင်းပသည့် တိပိဋကဓရ စာမေးပွဲတွင် အဘိဓမ္မာပိဋကကို အာဂုံဂုဏ်ထူးဖြင့် အောင်မြင်သဖြင့် ဝိသိဋ္ဌမူလအာဘိဓမ္မိကဓရဘွဲ့ရရှိတော်မူသော အရှင်သုနန္ဒ၊ ဝိနယပိဋက ဥဘတောဝိဘင်္ဂဓရဘွဲ့ ရရှိတော်မူသော အရှင်နေမိန္ဒ သာသနာ့အာဇာနည် အရှင်မြတ်နှစ်ပါးနှင့် ပဉ္စနိကာယ သာသနာ့နုဂ္ဂဟအသင်း စာမေးပွဲကြီး၌ အောင်မြင်တော်မူကြသော သံဃာတော်တို့အား ဂုဏ်ပြုပူဇော်ပွဲကို မေ ၁၁ရက် နံနက် ၈နာရီတွင် ရန်ကင်းမြို့နယ် ကံဘဲ့ဘူတာရုံလမ်းရှိ အဆိုပါကျောင်းတိုက်၌ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ပဉ္စနိကာယ သာသနဗိမာန်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတေဇောဘာသထံမှ ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး သာသနာ့အာဇာနည် အရှင်မြတ်နှစ်ပါးတို့၏ ထေရုပ္ပတ္တိကို ပဉ္စနိကာယ် သာသနာတော်ထွန်းကားရေးအသင်း အကျိုးတော်ဆောင်များဖြစ်ကြသည့် ဦးသန်းချစ်နှင့် ဦးခင်ညွန့်တို့က ဖတ်ကြားပူဇော်ကြသည်။

ထို့နောက် စာအောင်သံဃာတော်တို့အား ပဉ္စနိကာယ်သာသနာတော်ထွန်းကားရေးအသင်းဥက္ကဋ္ဌ ဦးသောင်းလွင်နှင့် တာဝန်ရှိသူများက အောင်လက်မှတ်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

(ယာပုံ)

ဆက်လက်၍ အဆိုတော် ဒေါ်နှင်းရည်သန့်နှင့် ဒေါက်တာဒေါ်လေးခိုင်တို့က ဓမ္မပူဇာတေးများဖြင့် ပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မဟာအောင်မြေဘုံစံကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသထံမှ ပရိသတ်တို့က ရေစက်ချအနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် အလှူရှင် ဦးဝင်းအောင်၊ ဒေါ်တင်တင်မော်နှင့် သမီး မစုရတနာဝင်းတို့က ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။ (သတင်းစဉ်)

(၆)ကြိမ်မြောက် အာဆီယံကျွမ်းကျင်မှုပြိုင်ပွဲ ကျင်းပ

ရန်ကုန် မေ ၁၈

၂၀၀၆ခုနှစ် စက်တင်ဘာ ၃ရက်မှ ၁၂ရက်အထိ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဒါရူဆလင်မြို့၌ ကျင်းပမည့် (၆)ကြိမ်မြောက် အာဆီယံကျွမ်းကျင်မှုပြိုင်ပွဲတွင် မြန်မာနိုင်ငံ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ သတင်းအချက်အလက်နည်းပညာ ကွန်ပျူတာပုံဆွဲနှင့် ဒီဇိုင်းပညာအတတ်ပညာရပ်တို့ ပါဝင်ယှဉ်ပြိုင်ရန် အမျိုးသားအဆင့် နည်းပညာကျွမ်းကျင်မှုပြိုင်ပွဲအကြို အရည်အချင်းစစ်ရွေးချယ်ပွဲကို မေ ၁၇ရက်နှင့် ယနေ့တို့တွင် ရန်ကုန် ကွန်ပျူတာတက္ကသိုလ်(လှိုင်နယ်မြေ)နှင့် မန္တလေး အစိုးရကွန်ပျူတာကောလိပ်တို့၌ တစ်ပြိုင်တည်းကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ ကွန်ပျူတာတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ အစိုးရကွန်ပျူတာ ကောလိပ်များနှင့် အစိုးရနည်းပညာကောလိပ်များမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၃ဦးတို့ ပါဝင်ဖြေဆိုကြသည်။ (သတင်းစဉ်)

ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဒါရူဆလင်မြို့၌ကျင်းပမည့် (၆)ကြိမ်မြောက် အာဆီယံကျွမ်းကျင်မှုပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ရန်အတွက် အမျိုးသားအဆင့် နည်းပညာကျွမ်းကျင်မှုပြိုင်ပွဲအကြို အရည်အချင်းစစ်ရွေးချယ်ပွဲကို ကွန်ပျူတာတက္ကသိုလ်တွင် ကျင်းပစဉ်။ (သတင်းစဉ်)

ဇေယျာသီရိကျောင်းတိုက် တရားပွဲများကျင်းပမည်

ရန်ကုန် မေ ၁၈

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် စမ်းကြီးဝရပ်ကွက်ရှိ ဇေယျာသီရိကျောင်းတိုက်၌ အာစိဏ္ဏကံ ကုသိုလ်ရှင်များ၏ ပထမအကြိမ် တရားပွဲတော်ကို ကျင်းပမည်ဖြစ်ရာ မေ ၂၀တွင် ဘဒ္ဒန္တစန္ဒောဘာသ၊ မေ ၂၁ နှင့် ၂၂ တွင် အရှင်ကဝိဓဇာလင်္ကာရ၊ မေ ၂၃၊ ၂၄နှင့် ၂၅ တွင် ဘဒ္ဒန္တကောသလ္လ၊ မေ ၂၆ တွင် ဘဒ္ဒန္တပညောဘာသ၊ မေ ၂၇ တွင် အရှင်ပညာဝံသ(ပုပ္ပားစကားဝါမြေ)၊ မေ ၂၈ တွင် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ နှင့် မေ ၂၉ နှင့် ၃၀ တွင် အရှင်ဝိနယာလင်္ကာရတို့က ညစဉ် ၇ နာရီခွဲမှစတင်၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည် ဖြစ်သည်။ (ကြေးမုံ)

ကုန်သည်/စက်မှု အသင်းချုပ် သင်တန်းဆင်းပွဲများကျင်းပမည်

ရန်ကုန် မေ ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် UMFCCI ပညာရေးဆိုင်ရာ လုပ်ငန်းကော်မတီက ကြီးမှူးဖွင့်လှစ်ခဲ့သည့် အသုံးချစာရင်းနှင့် အုပ်ချုပ်မှုပညာသင်တန်း UMFCCI Level-I & II နှင့် Koeki Japanese Language သင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၂၀ရက် မွန်းလွဲ ၂နာရီခွဲတွင် Hotel Nikko၌ ကျင်းပမည်ဖြစ်၍ အဆိုပါသင်တန်း အောင်မြင်ပြီးသူများ တက်ရောက်ကြရန်နှင့် ဖုန်း- ၃၈၁၂၈၄၊ ၃၈၁၂၈၅၊ ၃၇၀၈၂၃ တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။ (သတင်းစဉ်)

လှူဒါန်း

နှစ်ဖက်သောမိဘများအား ရည်စူး၍ ထောက်ကြန့်မြို့ နန္ဒဝန်လမ်းနေ ဦးအေးကို-ဒေါ်ကြည်ကြည်ခိုင်၊ သား-မောင်ပြည့်စုံဟိန်း၊ သမီး-သက်နှင်းရည်စိုး မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေး၊ ငွေပဒေသာပင် အလှူငွေကျပ်သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အကျိုးဆောင် စာရင်းစစ် ဦးဝင်းထိန် လက်ခံယူစဉ်။ (က-ပ)

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် (၉၂)လမ်း ကန်တော်လေးနေ မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်) မိသားစုက ဇနီး ဒေါ်ငွေရင် (စာရေးဆရာမ မလေးယဉ်)အား ရည်စူး၍ ကျပ်တစ်သိန်း ခြောက်သောင်းတန် အောက်စီဂျင် ဆလင်ဒါတစ်စုံနှင့် ချို့တဲ့သောလူနာများအတွက် ငွေကျပ်တစ်သောင်းကို သဃ်န်းကျွန်း စံပြဆေးရုံအုပ်ကြီး ဒေါက်တာ ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကြို့ဆို

ကိုရီးယားသမ္မတနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၏ လေ့ကျင့်ရေး ရေယာဉ် Hanbada သင်္ဘော ရန်ကုန်မြို့ နန်းသီတာဆိပ်ကမ်းသို့ ရောက်ရှိလာရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ကြိုဆိုကြစဉ်။ (သတင်းစဉ်)

ကိုရီးယားသမ္မတနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်မှ လေ့ကျင့်ရေးရေယာဉ် ရန်ကုန်မြို့ ရောက်ရှိ

ရန်ကုန် မေ ၁၈

ကိုရီးယားသမ္မတနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်မှ သင်တန်းသားများနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပညာသိပ္ပံမှ ကျောင်းဆင်းအရာရှိလောင်း သင်တန်းသား လေးဦးတို့လိုက်ပါလာကြသည့် ကိုရီးယားသမ္မတနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၏ လေ့ကျင့်ရေးရေယာဉ် Hanbada သင်္ဘောသည် ကမ္ဘာအနှံ့နိုင်ငံများသို့ လက်တွေ့လေ့ကျင့်ရေး ခရီးစဉ်အဖြစ် ယနေ့ညနေ ၅ နာရီခွဲတွင် ရန်ကုန်မြို့ရှိ နန်းသီတာဆိပ်ကမ်းသို့ ရောက်ရှိလာသည်။

ကြိုဆိုနှုတ်ဆက်

အဆိုပါ လေ့ကျင့်ရေးရေယာဉ် Hanbada သင်္ဘောမှ တာဝန်ရှိသူများနှင့် သင်တန်းသားများအား ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး Mr.Lee Ju-Heum နှင့် သံရုံးအဖွဲ့ဝင်များ၊ ရေကြောင်းပညာသိပ္ပံမှ ကျောင်းအုပ်ကြီး ဦးဝင်းသိမ်းနှင့် ဌာနမှူးများ၊ ဆရာ ဆရာမများ၊ အရာရှိလောင်း သင်တန်းသားများက နန်းသီတာဆိပ်ကမ်းမှ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးဖေသန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

အဆိုပါ လေ့ကျင့်ရေးရေယာဉ် Hanbada သင်္ဘောသည် မြန်မာနိုင်ငံ၌ မေ ၂၂ ရက်အထိ ဝင်ရောက်ပြီးနောက် ကမ္ဘာအနှံ့နိုင်ငံများသို့ လက်တွေ့လေ့ကျင့်ရေးခရီးစဉ်အဖြစ် ဆက်လက်ထွက်ခွာသွားမည်ဖြစ်သည်။ (သတင်းစဉ်)

● **ရှေ့ဖုံးမှ**

မဒေး ရေလှောင်တမံသည် ရေစီးသန်သော မဒေးချောင်းကို ပိတ်၍ဆည် တည်ဆောက်နေခြင်းဖြစ်ပြီး ရေကုဗပေ ၅၄၀၀၀ သိုလှောင်နိုင်မည်ဖြစ်သည်။ ရေလှောင်တမံ အမြင့် ၁၅၈ ပေ၊ ပင်မတမံ အလျားပေ ၁၉၂၀၊ ကုန်းကြောတမံ အလျားပေ ၁၂၀၀ ဖြစ်ကြောင်း သိရသည်။ ဆည်ရေပေးဝေနိုင်မည့် ဧရိယာစုစုပေါင်းမှာ ဧက ၄၀၀၀ ဖြစ်သည်။

မကွေးတိုင်း အနောက်ခြမ်းဒေသတွင် ယခင်က အိုင်းမရေလွှဲဆည်၊ မယ်ဇလီရေလွှဲဆည်တို့ တည်ဆောက်ပေးခဲ့ပြီး တစ်ဖန် မန်းချောင်းရေလှောင်တမံ၊ မုန်းချောင်း ရေလှောင်တမံနှင့် စလင်းချောင်း ရေလှောင်တမံတို့ကို ထပ်မံဖြည့်ဆည်းတည်ဆောက်ပေးခဲ့သည်။

တိုးချဲ့စိုက်ပျိုးနိုင်

ယခုတစ်ဖန် မဒေးချောင်းရေလှောင်တမံကိုပါ ထပ်မံတိုးမြှင့်တည်ဆောက်အကောင်အထည်ဖော် ပေးလျက်ရှိရာ အဆိုပါ ရေလှောင်တမံ ပြီးစီးပါက မကွေးတိုင်းအနောက်ခြမ်း၌ စိုက်ပျိုးရေနှင့် သောက်သုံးရေကို ပိုမိုဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး မိုးစပါး၊ နွေစပါးနှင့် အခြားသီးထပ် သီးညှပ်များကိုပါ တိုးချဲ့စိုက်ပျိုးနိုင်တော့မည်ဖြစ်သည်။ ။

မကွေးတိုင်း ကံမမြို့နယ်ရှိ မဒေးရေလှောင်တမံ တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၅-၂၀၀၆ (သောကြာနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	ဆရာဦးမြင့်လွင် (သန့်-တည်-ပွား) ဟောပြောဆွေးနွေးသော "အပါယ်ပိတ်တရား" (အပိုင်း-၃) (လူ့ဘဝရခဲခြင်းနှင့် သံသရာရှည်လှပုံ)
၇း၂၅	တေးဂီတအစီအစဉ်
၇း၃၀	ဂန္ထဝင်တေးသံရှင် မောင်မောင်ကြီးရဲ့ (၇၅)နှစ်ပြည့် စိန်ရတု မွေးနေ့မင်္ဂလာညှော်ခံပွဲ
၇း၄၀	ပြည်တွင်းသတင်းအကျဉ်း
၇း၅၀	တေးဂီတအစီအစဉ်
၇း၅၅	ဈေးနှုန်းတွက်တာ တစ်ပတ်စာ
၈း၁၅	တေးဂီတအစီအစဉ်
၈း၂၀	သာစုခေါ်စေသော်ဝ် အလင်းအလှူတော်
၈း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၄၅	သံလွင်တံတား(တာပါး)
၈း၅၀	တေးဂီတအစီအစဉ်
၈း၅၅	ပြည်သူ့အတွက်ကျန်းမာရေး (ပိုးလေးဖက်နာရောဂါ မေးမြန်းခန်း)
၉း၁၀	မိုးလေဝသခန့်မှန်းချက်
၉း၁၅	ကျန်းမာရွှင်လန်း ယောဂလေ့ကျင့်ခန်း (အပိုင်း-၂)
၁၀း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅	တစ်ကွင်းတစ်စပ်မြစ်ရေတင် လုပ်ငန်းများ
၁၀း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၃၀	ပုံမှန်အသက်ထက်ကျော်လွန်ပြီး အခြေခံပညာ မူလတန်းအဆင့်သို့ဝင်ရောက်လာသည့် ကလေးများအား အထူးသင်ကြားခြင်း
၁၀း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅	Myanmar Video Rhythm
၁၁း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၀	ချစ်သောမြေ၊ချစ်သောရေ (ရာဇာနေဝင်း၊ခိုင်နှင်းဝေ)
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်သည်။

ကြေးမုံ The Mirror ယနေ့မိုးလေဝသ

၁၉-၅-၂၀၀၆

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ပြင်သစ်နိုင်ငံပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း စိန်ပန်းမြိုင်အရာရှိရိပ်သာ (MEPE)နေ မိခင်ကြီးဒေါ်ကြည်သန်းအား အမှူးထား၍ သားသမီးမြေးမြစ်တစ်စုက ငွေကျပ် ဆယ်သိန်းကို ဘဏ္ဍာရေးမှူး ဦးငွေးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၆-ခုနှစ်၊ မေလ (၁၇)ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၅၄၁၇၇)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်
ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်များကို
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

ဓာတ်အားဖြန့်ဖြူးရေးလိုင်းများ တိုးချဲ့ရန် အာဆီယံနိုင်ငံများ စာချွန်လွှာလက်မှတ်ရေးထိုးမည်

ကွာလာလမ်ပူ မေ ၁၇

အာဆီယံနိုင်ငံများသည် ဓာတ်အားဖြန့်ဖြူးရေးလိုင်းများ တိုးချဲ့ဆောင်ရွက်ရေးအတွက် ယခုနှစ် ဇူလိုင်လတွင် နားလည်မှု စာချွန်လွှာတစ်ရပ် လက်မှတ်ရေးထိုးရန် မျှော်လင့်ရကြောင်း ဒေသဆိုင်ရာသတင်းစာက မေ ၁၇ ရက်တွင် ရေးသားဖော်ပြသည်။

အဆိုပါ နားလည်မှုစာချွန်လွှာကို ဇူလိုင်လတွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ အာဆီယံစွမ်းအင်ဝန်ကြီးများ ဆွေးနွေးပြီးနောက် လက်မှတ်ရေးထိုးကြမည်ဟု မျှော်လင့်ရကြောင်း စတားသတင်းစာက ရေးသားထားသည်။

အထူးသဖြင့် မျက်မှောက်ကာလ လောင်စာဈေးနှုန်းများ တက်နေချိန်တွင် အာဆီယံဒေသရှိ အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန် ညှိနှိုင်းဆောင်ရွက်ရာ၌ ထိုစာချွန်လွှာသည် အရေးပါကြောင်း မလေးရှားနိုင်ငံ အမျိုးသား လျှပ်စစ်ကုမ္ပဏီဖြစ်သော တီနာဂါနာရှီနယ်ကုမ္ပဏီ(တီအင်န်ဘီ)မှ တာဝန်ရှိသူ ချီကာလီမိုဟာမက်ဒ်နိုက ပြောကြားသည်။ ဆွေးနွေးရာတွင် အာဆီယံအဖွဲ့ဝင် နိုင်ငံများအတွင်း ဓာတ်အားကွန်ရက်ဆက်သွယ်မှုများ တည်ထောင်ရန် ပါဝင်ကြောင်း၊ ဥပမာအားဖြင့် နှစ်နိုင်ငံစီစဉ်ဆောင်ရွက်မှုတွင် စင်ကာပူ၊ ထိုင်းနှင့် မလေးရှားနိုင်ငံတို့၏ ဓာတ်အားဖြန့်ဝေရေး အစီအစဉ်များ ပါဝင်ကြောင်း ၎င်းကဆိုသည်။

မလေးရှားနိုင်ငံ တီအင်န်ဘီလုပ်ငန်းနှင့် ထိုင်းနိုင်ငံတို့သည် ဓာတ်အားဖြန့်ဖြူးဆက်သွယ်ရေး သဘောတူညီမှုအတွက် ၁၉၈၁ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည်။ ထိုသဘောတူညီချက်အရ တီအင်န်ဘီလုပ်ငန်းသည် ထိုင်းနိုင်ငံသို့ နှစ်စဉ်ဓာတ်အား မဂ္ဂါဝပ် ၃၀၀ ကို ထုတ်လွှတ်ပေးလျက်ရှိသည်။

လာမည့်ငါးနှစ်အတွင်း၌ တီအင်န်ဘီလုပ်ငန်းမှ ထိုင်းနိုင်ငံသို့ ဓာတ်အားနှစ်ဆပိုမိုပို့လွှတ်ရန် စဉ်းစားလျက်ရှိကြောင်း သိရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ထိုင်းနိုင်ငံ ဓာတ်အားပို့လွှတ်ရေးလိုင်းတစ်နေရာတွင် စစ်ဆေးမှုများပြုလုပ်နေသည်ကို မေ ၁၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

စပိန်နိုင်ငံ မဒရစ်မြို့ရှိ ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စားသည့် စီဘီလီစ့် ရေပန်းကို မေ ၁၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဖိလစ်ပိုင်တွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် သေဆုံးသူဦးရေ ၃၇ ဦးအထိ တိုးလာ

မနီလာ မေ ၁၇

ဖိလစ်ပိုင်နိုင်ငံတွင် တနင်္လာနေ့က ချန်ချူးအမည်ရှိ အပူပိုင်းမုန်တိုင်း တိုက်ခတ်သွားခဲ့မှုကြောင့် သေဆုံးသည့် ဦးရေသည် ၃၇ ဦးအထိ ရောက်ရှိလာခဲ့ပြီး ၁၅ ဦး ထိခိုက်ဒဏ်ရာရရှိကာ လူ ၁၀ ဦး ပျောက်ဆုံးလျက်ရှိသည်။ ယခုအခါ မုန်တိုင်းဒဏ်မှ ဝေးရာသို့ ရွှေ့ပြောင်းသွားခဲ့ကြသည့် လူများသည် ၎င်းတို့၏ နေအိမ်များဆီသို့ စတင်ပြန်လာနေကြပြီဖြစ်ကြောင်း ပြည်သူ့ကာကွယ်ရေးဌာန(အိုစီဒီ)က ပြောကြားသည်။

လေ့မှောက်

ဘီကိုဒေသတွင် အသေအပျောက် အများဆုံးဖြစ်ပြီး အများစုမှာမတ်စဘာတီမြို့ ကမ်းလွန်တစ်နေရာတွင် စက်လှေမှောက်ကာ အသက်ဆုံးရှုံးခဲ့ရခြင်းဖြစ်သည်ဟု အိုစီဒီက ပေးပို့သည့် သတင်းအရ သိရှိရသည်။

ဘီကိုဒေသတွင် လူ ၂၈ ဦးသေဆုံးခဲ့ပြီး ၂၅ ဦးမှာ စက်လှေနှင့်စပ်လျဉ်းသည့် မတော်တဆဖြစ်ရပ်များကြောင့် သေဆုံးခဲ့ရခြင်းဖြစ်သည်။ တာဂါလော့ဒေသတွင် လူခုနစ်ဦး သေဆုံးပြီး ဗီဆာယာ၊ နေရှင်နယ်ကက်ပီတယ်ဒေသတွင် လူတစ်ဦးစီ သေဆုံးခဲ့သည်ဟု အိုစီဒီက ပြောကြားသည်။

မိသားစု

လေမုန်တိုင်းဒဏ် ခံခဲ့ရသည့် မိသားစုဦးရေသည် ၁၀၉၆၂ စုရှိပြီး ဒုက္ခကြုံရသူဦးရေစုစုပေါင်းမှာ ၅၃၃၀၇ ဦးဖြစ်သည်။ သို့ရာတွင် ရွှေ့ပြောင်းပေးခဲ့သည့်နေရာတွင် ကျန်ရှိသည့် မိသားစုဦးရေသည် ၄၃၅ စုဖြစ်ပြီး လူပေါင်း ၂၁၄၄ ဦးဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

တရုတ်ကလေးငယ်အများစု အိုင်အိုဒင်းဓာတ် ချို့တဲ့မှုရောဂါ ကြုံတွေ့

တီယန်ကျင်း မေ ၁၇

တရုတ်နိုင်ငံတွင် မွေးဖွားသည့် ကလေးငယ် ၆၀၀၀၀၀ ခန့်မှ တစ်သန်းအထိ အိုင်အိုဒင်းဓာတ် ချို့တဲ့သည့် ရောဂါကို နှစ်စဉ်ခံစားနေရကြောင်း၊ ယင်းကြောင့် ကလေးငယ်များ၏ ဦးနှောက်ဖွံ့ဖြိုးမှုကို ထိခိုက်စေကြောင်း တရုတ်နိုင်ငံ အိုင်အိုဒင်းဓာတ် ချို့တဲ့မှုရောဂါ ကာကွယ်ရေးနေ့တွင် ကျွမ်းကျင်သူများက ပြောကြားလိုက်သည်။

အိုင်အိုဒင်းဓာတ် ချို့တဲ့မှုကြောင့် ကလေးငယ်များ၏ ဉာဏ်ရည်ကို ထိခိုက်ပျက်စီးစေနိုင်သည်ဟု တီယန်ကျင်း ဆေးတက္ကသိုလ်က ပြုလုပ်သည့် သုတေသနအစီရင်ခံစာတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံတွင် နှစ်စဉ်ကလေးငယ်စုစုပေါင်း သန်း ၂၀ ရှိရာ ကလေးငယ် ၆၀၀၀၀၀ ခန့်မှ တစ်သန်းအထိသည် အိုင်အိုဒင်းဓာတ် လုံလုံလောက်လောက် ရရှိခြင်းမရှိကြဟု တရုတ်အိုင်အိုဒင်း ချို့တဲ့မှု လေ့လာရေးအဖွဲ့ အကြီးအကဲ ချင်ဇူပေက ပြောကြားသည်။

တရုတ်နိုင်ငံရှိ လူဦးရေသန်း ၇၀၀ သည် ၁၉၆၀-၁၉၇၀ ပြည့်နှစ်များအတွင်း အိုင်အိုဒင်းဓာတ် ချို့တဲ့မှုရောဂါခံစားခဲ့ရသည်ဟု ခန့်မှန်းချက်များအရ သိရှိရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အမေရိကန်တပ်ဖွဲ့များ ဘဂ္ဂဒက်၌ စီးနင်းတိုက်ခိုက် အရပ်သား ၂၅ ဦး သတ်ဖြတ်ခံခဲ့ရ

ဘဂ္ဂဒက် မေ ၁၇

အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်အနီး လွန်ခဲ့သည့် နှစ်ရက်ခန့်အတွင်း စီးနင်းရှာဖွေခဲ့ရာတွင် အရပ်သား ၂၅ ဦးကို သတ်ဖြတ်ခဲ့မှုနှင့်စပ်လျဉ်း၍ အီရတ်အထင်ကရ ဆွန်နီအုပ်စုက ဝေဖန်ပြစ်တင်လိုက်သည်။

ထိုစီးနင်းမှုတွင် သေဆုံးခဲ့သူများမှာ ပြောက်ကျားများဖြစ်သည်ဟု အမေရိကန်၏ ပြောကြားချက်ကို အီရတ်တို့က ပယ်ချလိုက်သည်။

ဖော်ပြပါဖြစ်ရပ်နှင့်စပ်လျဉ်း၍အီရတ်အစိုးရနှင့် အီရတ်သိမ်းပိုက်ရေး တပ်ဖွဲ့များတွင် တာဝန်ရှိကြောင်း အီရတ်တို့က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

အမေရိကန် တပ်ဖွဲ့ဝင်များက ယူဆီဖီယာကျေးရွာနှင့် ကျေးရွာတစ်ဝိုက်ရှိ ပြောက်ကျား ၄၁ ဦးကို စနေနှင့် တနင်္ဂနွေနေ့များက သတ်ဖြတ်ခဲ့ကြောင်း သိရသည်။ အမေရိကန် ရဟတ်ယာဉ်တစ်စင်း ပစ်ချခံရပြီး အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က စောစောပိုင်းက ပြောကြားခဲ့သည်။

လေကြောင်းနှင့် မြေပြင်စီးနင်း တိုက်ခိုက်မှုနှင့် စပ်လျဉ်း၍ ထုတ်ပြန်သည့် အမေရိကန်၏ သီးခြား ကြေညာချက်နှစ်ရပ်တွင် အရပ်သားများ သေဆုံးကြောင်း ဖော်ပြထားခြင်း မရှိပေ။ သို့ရာတွင် မိန်းမသားအများစုနှင့် ကလေးငယ်များ ဒဏ်ရာရရှိခဲ့ကြောင်း ဖော်ပြထားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များသည်အရပ်သားများ၏ အိုးအိမ်များကို တိုက်ခိုက်ဖျက်ဆီးခဲ့ပြီး ထွက်ပြေးရန် ကြိုးစားသူများကို ပစ်ခတ်သတ်ဖြတ်ခဲ့သည်ဟု အုပ်စုက စွပ်စွဲပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

ပစိဖိတ်ကျွန်းနိုင်ငံ ဗင်နွာတူ၌ မီးတောင်ပေါက်ကွဲ

ဝယ်လင်တန် မေ ၁၆

ဗင်နွာတူနိုင်ငံ မာလန်ပါပြည်နယ် လိုပီဗီဒေသရှိ မီးတောင်တစ်လုံး ပေါက်ကွဲမှုဖြစ်ပွားရာ အနီးအနားရှိ ကျွန်းများသို့ ပြာပူများ ကျရောက်လာကြောင်း ဗင်နွာတူအမျိုးသား ဘေးအန္တရာယ်ကာကွယ်ရေးဌာနက တနင်္လာနေ့တွင် ပြောကြားသည်။

ပြောကြား

အဆိုပါ မီးတောင်၏ ပေါက်ကွဲမှုအတိုင်းအဆ ပမာဏကို မသိရသေးပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းမီးတောင်၏အခြေအနေကို ခန့်မှန်းတိုင်းတာမည့် သိပ္ပံပညာရှင်အဖွဲ့ ထိုမီးတောင်ပေါက်ကွဲရာသို့ ရောက်ရှိမလာသောကြောင့် ဖြစ်ကြောင်း အမျိုးသားဘေး အန္တရာယ်ကာကွယ်ရေးဌာနမှ ဦးဆောင်ညွှန်ကြားရေးမှူး ဂျော့အီဆူက ဇန်ဝါပို့သတင်းစာသို့ ပြောကြားသည်။

မီးတောင်ပေါက်ကွဲမှုအရှိန်ကို အနီးဝန်းကျင်ရှိ အမ်ဘာရီယန်နှင့် ပါမာလ်ကျွန်းဒေသတို့၌လည်း ခံစားရကြောင်းသိရသည်။

ဗင်နွာတူနိုင်ငံရှိ အမ်ဘာကျွန်းတွင်လည်းလွန်ခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်းက မီးတောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ၎င်းဒေသရှိ နေထိုင်သူတို့မှာ ဘေးလွတ်ရာ လာဟာဒေသသို့ ရွှေ့ပြောင်းခဲ့ရကြောင်းသိရသည်။

တောင်ပစိဖိတ်ဒေသရှိ ဗင်နွာတူနိုင်ငံတွင် ကျွန်းပေါင်း ၈၀ ကျော်နီးပါး ပါဝင်သည်။ ကျွန်းအများစုတွင် လူများနေထိုင်ကြသည်။ အချို့သော ကျွန်းများပေါ်တွင် မီးတောင်ရှင်များ တည်ရှိသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ပြုလုပ်သည့် ဖက်ရှင်ပြပွဲ၌ ပါဝင်ပြသသူတစ်ဦးကို မေ ၁၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ချန်ချူးမုန်တိုင်းတိုက်ခတ်မှုကြောင့် ဗီယက်နမ်တွင် လူ၉၉ဦးပျောက်ဆုံးလျက်ရှိ

ဟနွိုင်း မေ ၁၈

ဗီယက်နမ်နိုင်ငံတွင် ချန်ချူးအမည်ရှိ တိုင်ဖုန်းမုန်တိုင်း တိုက်ခတ်ခဲ့မှုကြောင့် ရေလုပ်သား ၉၉ ဦးပျောက်ဆုံးသွားခဲ့ရာ ၎င်းတို့ကိုရှာဖွေရန် ကြိုးပမ်းနေကြောင်း နိုင်ငံပိုင် ရေဒီယိုက ကြာသပတေးနေ့တွင် ပြောကြားသည်။ တောင်တရုတ်ပင်လယ်တွင် ယခုလအတွင်း အပြင်းထန်ဆုံး တိုက်ခတ်သွားသည့် မုန်တိုင်းဖြစ်ပြီး ဖိလစ်ပိုင်တွင် ယင်းလေမုန်တိုင်းဒဏ်ကြောင့် လူ ၃၇ ဦး သေဆုံးခဲ့ရသည်။

တိုင်ဖုန်းမုန်တိုင်း တိုက်ခတ်နေစဉ် မုန်တိုင်းလမ်းကြောင်းကျရာ ဟိုင်နန်ကျွန်းတောင်ပိုင်း ကီလိုမီတာ ၃၀၀ ခန့် အကွာတွင် ၎င်းရေလုပ်သားများ ရောက်ရှိနေကြောင်း၊ ငါးဖမ်းသင်္ဘော ၁၁ စင်းပေါ်၌ လိုက်ပါလာသည့် ၎င်းရေလုပ်သားများက ရေဒီယိုဖြင့် ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းက ဆက်သွယ်ခဲ့ကြောင်း အဆိုပါ ရေဒီယိုက ကြေညာသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အာဆီယံနှင့် တောင်ကိုရီးယား ကုန်သွယ်ရေးစာချုပ် ထိုင်းနိုင်ငံ မပါဝင်သေး

မနီလာ မေ ၁၇

အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးဝန်ကြီးများနှင့် တောင်ကိုရီးယားနိုင်ငံဝန်ကြီးတို့သည် လွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီချက်ကို မေ ၁၇ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း၊ သုံးရက်ကြာ ဆွေးနွေးပွဲ ပြုလုပ်ပြီးနောက် တောင်ကိုရီးယားနိုင်ငံနှင့် ကုန်သွယ်မှု အကောက်ခွန်လျှော့ချရေးအတွက် လက်မှတ်ရေးထိုးကြခြင်းဖြစ်ကြောင်း တာဝန် ရှိသူများ၏ ပြောကြားချက်ကို သတင်းတွင် ရေးသားဖော်ပြထားသည်။

တောင်ကိုရီးယားနိုင်ငံနှင့် လွတ်လပ်စွာ ကုန်သွယ်ရေး ဆောင်ရွက်ရာတွင် အာဆီယံအဖွဲ့ဝင် တစ်နိုင်ငံအချင်းချင်းသည် မိမိနှစ်သက်ရာ ကုန်ပစ္စည်းအမျိုးအစား ၄၀ကို ရွေးချယ်ပြီး အကောက်ခွန်လျှော့ချမှု အစီအစဉ်မှ ကင်းလွတ်ခွင့်စာရင်းတွင် ထည့်သွင်းနိုင်သည်။ တောင်ကိုရီးယားနှင့် လွတ်လပ်စွာ ကုန်သွယ်မှု ပြုလုပ်ရန် ၂၀၀၅ ခုနှစ် ဒီဇင်ဘာတွင် ပဏာမ သဘောတူ လက်မှတ်ရေးထိုးခဲ့ကြသည်ဟု တာဝန်ရှိသူတစ်ဦးက သတင်းထောက်များကို ပြောကြားသည်။ တစ်ချိန်တည်း မှာပင် တောင်ကိုရီးယားနိုင်ငံ၏ တင်သွင်းကုန်ပစ္စည်းများအနက် အခွန်လျှော့ချမှုစာရင်း၌ ဆန်တင်သွင်းမှု မပါဝင်ကြောင်း သိရသည်။ ထိုအချက်ကို သဘောမတူသဖြင့် ထိုင်းနိုင်ငံက ယခုချုပ်ဆိုသော လွတ်လပ်စွာကုန်သွယ်ရေးစာချုပ်တွင် မပါဝင်ခြင်းဖြစ်ကြောင်း တာဝန်ရှိသူက ပြောကြားသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် ထိုင်းနိုင်ငံသည် အဓိက ဆန်တင်ပို့မှု အများဆုံးနိုင်ငံဖြစ်သည်။ အဆိုပါ သဘောတူညီမှု မဆောင်ရွက်မီ ထိုင်းအစိုးရအနေဖြင့် ဆန်ပြဿနာကို သေချာစွာ လေ့လာဆုံးဖြတ်ရန် အချိန်များစွာ လိုအပ်ကြောင်း ဖိလစ်ပိုင် ကုန်သွယ်ရေးဝန်ကြီး ပီတာဖာဗီလာက သတင်းထောက်များကို ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တောင်ကိုရီးယားနိုင်ငံ ဘူဆန်ဆိပ်ကမ်းမှ ပြည်ပသို့ တင်ပို့မည့်မော်တော်ယာဉ်များကို မေ ၁၇ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မပေါက်ကွဲသေးသည့် ဗုံးတစ်လုံးတွေ့ရှိ ခရီးသည်တင်သင်္ဘောနှစ်စင်း ခရီးမဆက်နိုင်

လန်ဒန် မေ ၁၇

ပေါက်ကွဲခြင်း မရှိသေးသည့် အကြီးစားဗုံးတစ်လုံး တွေ့ရှိခဲ့သည့်အတွက် ခရီးသည်နှင့် ကူးတို့သင်္ဘောသား ၂၅၀ ခန့်သည် အင်္ဂလန်မြောက်ပိုင်းဒေသတွင် ရောက်ရှိနေသော ကူးတို့သင်္ဘောနှစ်စင်းပေါ်တွင်ရှိနေကာ ခရီးမဆက်နိုင်ကြောင်း ဗြိတိန် ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားသည်။

အဆိုပါဗုံးသည် ဒုတိယကမ္ဘာစစ်အတွင်းက ဗုံးဖြစ်ပြီး ပေါင် ၅၀၀ အလေးချိန်ရှိသည်။ ဗြိတိန်ရေတပ်က လီဗာပူးဒေသအနီးတွင် တနင်္ဂနွေနေ့က ထိုဗုံးကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

မာစီဗိုက်ကင်းနှင့် ဒပ်ဗလင်ဗိုက်ကင်းအမည်ရှိ ကူးတို့သင်္ဘောနှစ်စင်းသည် ခရီးသည်များ တင်ဆောင်၍ ဘဲလ်ဖတ်မှ ဒပ်ဗလင်သို့ သွားရာတွင် မြစ်အတွင်း ဗုံးတွေ့ရှိမှုကြောင့် ခရီးမဆက်နိုင်ဘဲ သောင်တင်နေခဲ့ခြင်းဖြစ်သည်ဟု ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားသည်။ လီဗာပူးနှင့် ဘာကင်ဟက်ဒေသတို့ ဆက်သွယ်သည့် ရေကြောင်းလမ်းမှ မီတာ ၃၀၀ အကွာ မာစီမြစ်အောက်တွင် အဆိုပါဗုံးကို တွေ့ရှိခဲ့ရခြင်းဖြစ်သည်။

ဗုံးတွေ့ရှိမှုကြောင့် ရဲတပ်ဖွဲ့က အဆိုပါရေကြောင်းလမ်း အသွားအလာကို ပိတ်ပင်ထားသည်။

ဗြိတိန်ရေတပ်က ယင်းဗုံးကို အိုင်ယာလန်ပင်လယ်အောက် ရေနက်ပိုင်းသို့ယူသွားပြီး ပင်လယ်ကြမ်းပြင်တွင် ဖောက်ခွဲပစ်မည်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်၌ အသည်းရောင်(စီ)ရောဂါသည် လေးသန်းကျော်ရှိ

နယူးယောက် မေ ၁၇

အမေရိကန်နိုင်ငံ၌ အသည်းရောင် (စီ) ရောဂါကူးစက်ခံနေရသူဦးရေမှာ ၄ဒသမ ၁သန်းရှိကြောင်း၊ ၎င်းတို့အနက် အများစုမှာ နာတာရှည်ကူးစက်ခံနေရသူများဖြစ်ကြောင်း နိုင်ငံတစ်ဝန်း လေ့လာဆန်းစစ်ချက်အရ သိရှိရသည်။ ရောဂါကူးစက်ဖြစ်ပွားနှုန်းမှာ လွန်ခဲ့သည့် ဆယ်စုနှစ်တွင် ၁ ဒသမ ၈ ရာခိုင်နှုန်းရှိရာမှ ယခုအခါ ၁ ဒသမ ၆ ရာခိုင်နှုန်းမျှသာရှိတော့သည်။

ယင်းတွေ့ရှိချက်များမှာ ၁၉၉၉ ခုနှစ်မှ ၂၀၀၂ခုနှစ်အထိ ကောက်ယူခဲ့သည့် အမျိုးသား ကျန်းမာရေးနှင့် အာဟာရ စိစစ်ရေးစစ်တမ်းတွင် ပါဝင်ဖြေကြားသူ ၁၅၀၇၉ ဦးထံမှရရှိသော အချက်အလက်များကို အခြေခံတင်ပြထားခြင်းဖြစ်သည်။ ***အင်အေ၊ရိုက်တာ။***

အမေရိကန် အက်ဖ်-၁၆ ဂျက်တိုက်လေယာဉ်များ အီရန်သို့ရောင်းချရန် ဗင်နီဇွဲလား စဉ်းစားနေ

ကာရာကတ်စ် မေ ၁၇

အမေရိကန်က ဗင်နီဇွဲလားနိုင်ငံသို့ လက်နက်ရောင်းချမှု ပိတ်ပင်ခဲ့သည့်လုပ်ရပ်ကို တုံ့ပြန်သည့်အနေဖြင့် ယင်းနိုင်ငံက အမေရိကန်မှ ဝယ်ယူထားသည့် အက်ဖ်-၁၆ ဂျက်တိုက်လေယာဉ်များကို အခြားနိုင်ငံတစ်နိုင်ငံ အထူးသဖြင့် အီရန်သို့ ရောင်းချရန်စဉ်းစားလျက်ရှိကြောင်း အထက်တန်းစစ်ဘက်တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

ဗင်နီဇွဲလားနိုင်ငံမှ စစ်ဦးစီးချုပ်တစ်ဦးဖြစ်သူ ဗိုလ်ချုပ်ကြီး အယ်လ်ဘာတိုမူလာက အက်ဖ်-၁၆ ဂျက်တိုက်လေယာဉ် ၂၁ စင်းကို တတိယနိုင်ငံတစ်နိုင်ငံသို့ ရောင်းချရန် ကာကွယ်ရေးဝန်ကြီး ဘော်လန်ဒိုမာနစ်ဂလီယာအား အကြံပေးခဲ့သည်ဟု ပြောကြားသည်။ ယင်းလေယာဉ်များ ရောင်းချနိုင်ရေးအတွက် အီရန်နှင့် ညှိနှိုင်းဆွေးနွေးနိုင်သည့် အလားအလာရှိကြောင်း အယ်လ်ဘာတိုမူလာက ထပ်လောင်း ပြောကြားသည်။

အဆိုပါ ဂျက်တိုက်လေယာဉ်များကို နားလည်မှုစာချွန်လွှာ အစီအစဉ်အရ အမေရိကန်ထံမှ ၁၉၈၀ ပြည့်နှစ်က ဝယ်ယူထားခဲ့ခြင်းဖြစ်ပြီး အမေရိကန်အာဏာပိုင်များက လေယာဉ်အပိုပစ္စည်းနှင့် နည်းပညာအကူအညီများ ဖြည့်ဆည်းပေးမည်ဟု ဝယ်ယူစဉ်က ပြောကြားခဲ့ကြသည်။ ယင်းအစီအစဉ်အရ ဗင်နီဇွဲလားကလည်း ထိုလေယာဉ်နှင့်စပ်လျဉ်းသည့် နည်းပညာနှင့် လေယာဉ်များကို တတိယနိုင်ငံသို့ မရောင်းချရန် ကတိကဝတ် ပြုထားခဲ့သည်။

အမေရိကန်က အက်ဖ်-၁၆ ဂျက်တိုက်လေယာဉ်ဆိုင်ရာ အပိုပစ္စည်းများ ဖြည့်ဆည်းရောင်းချရန် ပျက်ကွက်ခဲ့ခြင်းဖြင့် စာချုပ်စည်းကမ်း ဖောက်ဖျက်ခဲ့သည်ဟု ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က လွန်ခဲ့သည့် နိုဝင်ဘာလက ပြောကြားခဲ့သည်။

အက်ဖ်-၁၆ ဂျက်တိုက်လေယာဉ်များအစား ရုရှားမှ အက်စ်ယူ-၃၅ အမျိုးအစားလေယာဉ်ကို ဝယ်ယူရန် စတင်ဆွေးနွေးမှုများ ပြုလုပ်နေပြီဟု မူလာက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။



ချန်ချူး တိုင်ဖုန်းမုန်တိုင်း၏ တိုက်ခတ်ရာ လမ်းကြောင်းပြ ခန့်မှန်းမြေပုံကို မေ ၁၇ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ပြင်သစ်ရေတပ်မှ ဖျက်ဆီးပစ်မည့် ကလီမန်ဆော လေယာဉ်တင်သင်္ဘောကြီးကို ပြင်သစ်ဆိပ်ကမ်း၌ မေ ၁၇ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မုန်တိုင်းအန္တရာယ် တရုတ်တွင် ပြင်ဆင်ထား

ပေကျင်း မေ ၁၇

ယခုနှစ်အတွင်း ပထမဆုံးအကြိမ် တိုက်ခတ်မည့် အပူပိုင်းမုန်တိုင်းသည် တရုတ်နိုင်ငံတောင်ပိုင်း ဒေသတွင် အပြင်းထန်ဆုံး တိုက်ခတ်ဖွယ်ရှိသဖြင့် ယင်းမုန်တိုင်း အန္တရာယ်အတွက် ဟိုင်နန်၊ ကွမ်တုန်နှင့် ဖူကျင့်ပြည်နယ်တို့က ကြိုတင်ပြင်ဆင်ထားကြောင်း ဒေသဆိုင်ရာ မိုးလေဝသဌာနက ပြောကြားသည်။

အဆိုပါမုန်တိုင်းသည် စနေနေ့တွင် တိုင်ဖုန်းမုန်တိုင်းအဖြစ်သို့ ပြောင်းလဲသွားပြီး ယင်း၏ ဗဟိုချက်မသည် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၁၁၅ ဒသမ ၄ ဒီဂရီ၌ တည်ရှိနေမည်ဖြစ်သည်ဟု ဟိုင်နန်ရှိ ပြည်နယ်ဆိုင်ရာ မိုးလေဝသဌာနက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ရထားလက်မှတ်များကို တစ်ရက်ကြိုတင်၍ ရောင်းချပေးမည်
လက်မှတ်ခနှုန်း နေပြည်တော်-ပုဂံ ခရီးစဉ်အတွက် ကျပ် ၆၈၀ဖြစ်

ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ပုဂံဘူတာသို့ စတင်ထွက်ခွာမည့် အမှတ်(၁၀၇)အဆန် နေပြည်တော်-ပုဂံအမြန်ရထား (RBE) စက်ခေါင်းကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးစဉ်။ (သတင်းစဉ်)

✧ **နေပြည်တော်မှ**

ရထားစက်ခေါင်းကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဒုတိယဝန်ကြီးများသည် အမှတ်(၁၀၇)အဆန် နေပြည်တော်-ပုဂံအမြန်ရထားဖြင့် လိုက်ပါစီးနင်းကြသည့်ခရီးသွားရဟန်းရှင်လူပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်အားပေးကြပြီး အမြန်ရထား စတင်ပြေးဆွဲသည့် အထိမ်းအမှတ် လက်ဆောင် ပစ္စည်းများကို ပေးအပ်ကြသည်။

ထို့နောက်ဝန်ကြီးဗိုလ်ချုပ်အောင်မင်း၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်များနှင့် ဝန်ထမ်းများသည် နံနက် ၇နာရီ ၁၅မိနစ်တွင် ပျဉ်းမနားဘူတာမှ စတင်ထွက်ခွာသွားသည့် နေပြည်တော်-ပုဂံ အမြန်ရထားမှ ခရီးသွားရဟန်းရှင်လူပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မှာကြား

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ပျဉ်းမနားဘူတာယာဒ်ဝင်းအတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ အနားယူ အပန်းဖြေနိုင်ရေးအတွက် ဖျော်ဖြေရေးအစီအစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် အမှတ်(၁)စကြႅ၌ ဆိုက်ရပ်ထားသည့် အမှတ်(၁၀၁) အဆန် နေပြည်တော်-ကျောက်ပန်းတောင်း အမြန်ရထားကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် ခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ မြန်မာ့မီးရထား၏ ခရီးသွားလာမှုလွယ်ကူလျင်မြန် အဆင်ပြေချောမွေ့စေရေး စီစဉ်ဆောင်ရွက်ထားရှိမှု အစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာ ရှင်းလင်းပြောကြား နှုတ်ဆက်သည်။

ယနေ့ စတင်ပြေးဆွဲသည့် အမှတ်(၁၀၇)အဆန် နေပြည်တော်-ပုဂံ အမြန်ရထားသည် နေပြည်တော်မြို့ ပျဉ်းမနားဘူတာမှ နံနက် ၇နာရီ ၁၅မိနစ်တွင် ထွက်ခွာ၍ ပုဂံညောင်ဦးမြို့ ပုဂံဘူတာသို့ ညနေ၆နာရီတွင် ဆိုက်ရောက်မည်ဖြစ်ပြီး အမှတ်(၁၀၈)အစုန် ပုဂံ-နေပြည်တော် အမြန်ရထားသည် ပုဂံ-ညောင်ဦးမြို့ ပုဂံဘူတာမှ နံနက် ၆နာရီ ၁၅မိနစ်တွင် ထွက်ခွာ၍ နေပြည်တော်မြို့ ပျဉ်းမနားဘူတာသို့ ည၇နာရီခွဲတွင် ဆိုက်ရောက်မည်ဖြစ်သည်။

အချိန်မှန် ပြေးဆွဲမည်

အဆိုပါနေပြည်တော်-ပုဂံ-နေပြည်တော် အမြန်ရထားကို နေ့စဉ်အချိန်မှန် ပြေးဆွဲပေးမည် ဖြစ်သည်။ ခရီးစဉ်ဘူတာများအဖြစ် လယ်ဝေး၊ သစ်ပုတ်ပင်၊ မင်းပြင်၊ ဆတ်သွား၊ တောင်တွင်းကြီး၊ မြို့သစ်၊ နတ်မောက်၊ သာမြား၊ ကျောက်ပန်းတောင်း၊ ကန်သာယာ၊ ငါ့မင်းမေး၊ စုတည်နှင့် တောင်စင်းဘူတာတို့၌ ရပ်တန့်ပေးမည်ဖြစ်သည်။

ရထားလက်မှတ်များကို တစ်ရက်ကြိုတင်၍ နေ့စဉ် နံနက် ၈နာရီမှ ညနေ ၄နာရီအထိ လည်းကောင်း၊ လက်ကျန် လက်မှတ်များကို ရထားမထွက်ခွာမီ နံနက် ၅နာရီမှ ၇နာရီအထိ လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။ လက်မှတ်ခနှုန်းထားမှာ နေပြည်တော် - ပုဂံခရီးစဉ်အတွက် ငွေကျပ် ၆၈၀ ဖြစ်သည်။

တောက်လျှောက်စီးနင်းနိုင်

အထူးအစီအစဉ်အဖြစ်ရန်ကုန်မှ ပုဂံသို့ တောက်လျှောက်သွားလိုသူ ခရီးသည်များအတွက် ရန်ကုန်မှ နေပြည်တော်မြို့ ပျဉ်းမနားဘူတာသို့ အမှတ်(၇) အဆန် ရန်ကုန်-သာစည် ရထားဖြင့် လည်းကောင်း၊ နေပြည်တော်မြို့ ပျဉ်းမနားဘူတာမှ ပုဂံသို့ အမှတ်(၁၀၇) အဆန် နေပြည်တော်-ပုဂံအမြန် ရထားဖြင့်လည်းကောင်း၊ ပုဂံမှ ရန်ကုန်သို့ တောက်လျှောက်သွားလိုသည့် ခရီးသည်များအတွက် ပုဂံမှ နေပြည်တော်မြို့ ပျဉ်းမနားဘူတာသို့ အမှတ်(၁၀၈) အစုန် ပုဂံ-နေပြည်တော်မြို့ အမြန်ရထားဖြင့် လည်းကောင်း၊ ပျဉ်းမနားဘူတာမှ ရန်ကုန်သို့ အမှတ်(၈)အစုန် သာစည်-ရန်ကုန်ရထားဖြင့် လည်းကောင်း ချိတ်ဆက်စီးနင်း နိုင်ရန်စီစဉ်ထားပြီး ရန်ကုန်နှင့် ပုဂံဘူတာများ၌ ရန်ကုန်-ပုဂံ၊ပုဂံ-ရန်ကုန် တောက်လျှောက် လက်မှတ်များကို ရောင်းချပေးမည်ဖြစ်သည်။

နေပြည်တော်-ကျောက်ပန်းတောင်း

အလားတူ အမှတ်(၁၀၁) အဆန် နေပြည်တော်-ကျောက်ပန်းတောင်း အမြန်ရထားနှင့် အမှတ်(၁၀၂)အစုန် ကျောက်ပန်းတောင်း-နေပြည်တော် စာပို့ရထားတို့ကို ယခင်က တွဲဆိုင်းတစ်ဆိုင်းဖြင့်သာ ပြေးဆွဲလျက်ရှိရာမှ ဒေသခံပြည်သူများ၏ ခရီးသွားလာမှု ပိုမိုလွယ်ကူ ချောမွေ့စေရေးအတွက် မြန်မာ့မီးရထားက ယနေ့မှ စတင်၍ တွဲဆိုင်းနှစ်ဆိုင်းဖြင့် နေ့စဉ် အချိန်မှန် အစုန်/အဆန် ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ထို့အပြင် ရိုးမအနောက်ခြမ်းဒေသရှိ ဒေသခံပြည်သူများနှင့် နေပြည်တော်မြို့၌ တာဝန်ထမ်းဆောင်လျက်ရှိကြသော နိုင်ငံ့ဝန်ထမ်းများသွားလာမှု လွယ်ကူ အဆင်ပြေချောမွေ့စေရေးအတွက် မေ ၂၅ရက်မှ စတင်၍ မြန်မာ့မီးရထားက နေပြည်တော် - ပြည် - နေပြည်တော် အမြန်ရထားများကို စီစဉ်ဆောင်ရွက် ပြေးဆွဲပေးသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ပုဂံဘူတာသို့ စတင်ထွက်ခွာမည့် အမှတ်(၁၀၇)အဆန်နေပြည်တော်-ပုဂံအမြန်ရထားခရီးသွားရဟန်းရှင်လူ ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး အထိမ်းအမှတ်လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

နေပြည်တော်-ပုဂံ-နေပြည်တော် ခရီးစဉ် ဘူတာများ

ခရီးစဉ် ဘူတာများအဖြစ် လယ်ဝေး၊ သစ်ပုတ်ပင်၊ မင်းပြင်၊ ဆတ်သွား၊ တောင်တွင်းကြီး၊ မြို့သစ်၊ နတ်မောက်၊ သာမြား၊ ကျောက်ပန်းတောင်း၊ ကန်သာယာ၊ ငါ့မင်းမေး၊ စုတည်နှင့် တောင်စင်း ဘူတာတို့၌ ရပ်တန့်ပေးမည်။

မေ ၁၆ ရက်က ၂၀၀၆ခုနှစ် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် အဋ္ဌမအကြိမ်မြောက် အမျိုးသမီးတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲနှင့် သက်တန်းအလိုက် လူငယ်တံခွန်စိုက် စစ်တုရင်ပြိုင်ပွဲတွင် အမျိုးသမီးတံခွန်စိုက်ဆုရရှိသော မဇင်မာမင်းသန်းအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်ဒိုင်းဆုချီးမြှင့်စဉ်။

(စစ်တုရင်အဖွဲ့ချုပ်)

ဧပြီလအတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၂၀၃ မှု ဖမ်းဆီးနိုင်ခဲ့

ရန်ကုန် မေ ၁၈

၂၀၀၆ခုနှစ် ဧပြီလတွင် တပ်မတော်၊မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနတို့သည် မူးယစ်ဆေးဝါးအမှုပေါင်း ၂၀၃မှု ဖမ်းဆီးနိုင်ခဲ့သည်။ ယင်းသို့ ဖမ်းဆီးခဲ့ရာတွင် ဘိန်း ၃၅မှု အလေးချိန် ၇၅ ဒသမ ၁၅၉ ကီလို၊ ဘိန်းဖြူ ၇၄မှု အလေးချိန် ၁၀ ဒသမ ၄၆၃၃ ကီလို၊ ဘိန်းဆီခြောက်မှု အလေးချိန် ၄ဒသမ၉၈၄၆ ကီလို၊ အဆင့်နိမ့်ဘိန်း ၁၅မှု အလေးချိန် ၁ဒသမ ၆၄၈ ကီလို၊ ဆေးခြောက် ၁၇မှု အလေးချိန် ၁ဒသမ၉၀၄၃ ကီလို၊ စိတ်ကြွ ရူးသွပ်ဆေးပြား ၃၇မှု ဆေးပြား ၁၀၃၂၄ ပြား၊ အက်ဖီဒရင်းနှစ်မှု အလေးချိန် ၃၉၅ ဒသမ ၀၄၉၆ ကီလို၊စိတ်ကြွရူးသွပ်ဆေးမှုန့်တစ်မှု အလေးချိန် ဒသမ ၀၀၇၈ ကီလို၊ဘိန်းစာမှုန့် ရှစ်မှု အလေးချိန် ၈ ဒသမ ၀၆ ကီလို၊ ဓာတုဆေးရည်နှစ်မှု ပမာဏ ၁၅၂၈ ဒသမ ၉၆၅ လစ်တာ၊ ဓာတုဆေးမှုန့် အလေးချိန် ၄၇ ဒသမ ၅ ကီလို၊ မှတ်ပုံတင်ပျက်တစ်မှု အခြားအမှုငါးမှု ဖမ်းဆီး ရမိခဲ့သည်။

ဧပြီလအတွင်း မူးယစ်ဆေးဝါး အမှုပေါင်း ၂၀၃မှု ဖမ်းဆီးခဲ့ရာတွင် တရားခံအမျိုးသား ၂၆၇ဦး၊ တရားခံအမျိုးသမီး ၅၄ဦး စုစုပေါင်းတရားခံ ၃၂၁ဦးတို့အား ဥပဒေအရ အရေးယူဆောင်ရွက်ခဲ့သည်။ (သတင်းစဉ်)

❍ **ကိုရီးယားမှ**

ကိုရီးယားစက်မှုနည်းပညာတက္ကသိုလ်(ကီတက်)၏ အသုံးချစက်ရုပ်နည်းပညာဌာနမှ အထက်တန်းသုတေသီဘန်မွန်ဟောင်ဂ်နှင့် အဖွဲ့က ဖန်တီးခဲ့ခြင်းဖြစ်သည်။

ထိုလူပုံတူစက်ရုပ်၏ ဆီလီကွန်အသားအရေအောက်တွင် မော်တာ၁၅လုံး တပ်ဆင်ထားသည်။ ယင်းမော်တာများအကူအညီဖြင့် အီဗာ-ဝမ်းသည် ဟန်ပန်အမူအရာ အချို့ကို လုပ်ဆောင်နိုင်စွမ်းရှိခြင်းဖြစ်သည်။ ကိုရီးယားစကားလုံးပေါင်း ၄၀၀ကိုလည်း သိရှိမှတ်သားထားသည့်အတွက် လွယ်ကူရိုးရှင်းသော အမေးအဖြေကို အပြန်အလှန် ပြောဆိုနိုင်သည်။

လူပုံတူစက်ရုပ်၏ အလေးချိန်မှာပေါင်၁၁၀(ကီလိုဂရမ်၅၀)ရှိပြီး အရပ်မှာ ၅ပေ၊ ၃လက်မခန့်(စင်တီမီတာ၁၆၀)ရှိသည်။ အီဗာ-ဝမ်းသည်အများထင်သကဲ့သို့ ခြေလက်များအားလုံး လှုပ်ရှားနိုင်သည် မဟုတ်ပေ။ ခါးအထက်ပိုင်းမျက်နှာနှင့် လက်တို့သာလှုပ်ရှား နိုင်စွမ်းရှိသော စက်ရုပ်မျိုးဖြစ်သည်။ အီဗာ-ဝမ်းစက်ရုပ်၏ လှုပ်ရှားတုံ့ပြန်မှုဟန်ပန်ကို ကလေးငယ်များက အလွန်စိတ်ဝင်စားကြပြီး ကလေးငယ်များနှင့် အလွန်းသင့် အဆင်ပြေသော စက်ရုပ်ဖြစ်သည်ဟုဆိုသည်။

ထိုစက်ရုပ်ပေါ်ထွက်လာခြင်းမရှိမီ ၂၀၀၅ခုနှစ် ဇွန်လအတွင်းကလည်း ရီပလီကျူဝမ်းခေါ် လူပုံတူစက်ရုပ်တစ်ရုပ်ပရိသတ်ရှေ့မှောက်သို့ သိပ္ပံပညာရှင်များက တင်ပြခဲ့ဖူးသည်။ ထိုစဉ်ကပြသခဲ့သော ရီပလီကျူဝမ်းစက်ရုပ်မှာ ဂျပန်နိုင်ငံ အိုဆာကာတက္ကသိုလ်မှ ပညာရှင်များက တီထွင်သောစက်ရုပ်ဖြစ်သည်။ ယင်းစက်ရုပ်သည်စကားပြောနိုင် ကိုယ်လက်လှုပ်ရှားနိုင်ပြီး အသက်ရှူသည့် ပုံစံပင် တွေ့မြင်ရသည်။ သို့ရာတွင်အီဗာ-ဝမ်းကဲ့သို့ပင် ခါးအထက်ပိုင်းသာ လှုပ်ရှားနိုင်သော လူပုံတူစက်ရုပ်မျိုးဖြစ်သည်။

ကီတက်စက်မှုတက္ကသိုလ်မှ ကိုရီးယားပညာရှင်များသည် အီဗာ-ဝမ်းစက်ရုပ်ကို ဖန်တီးနိုင်ကာမျှနှင့်ရပ်မနေလိုကြပေ၊ ယခုစက်ရုပ်ထက်ပို၍ လုပ်ဆောင်နိုင်စွမ်းရှိသော ခြေလက်လေးဖက်စလုံးလှုပ်ရှားနိုင်သော အရည်အသွေး ပိုမြင့်သည့် အီဗာ-တူးစက်ရုပ်ကို ဖန်တီးရန်ကြိုးပမ်းလျက်ရှိကြသည်။

အင်တာနက်။

☆ **စတုတ္ထအကြိမ်မှ**

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းတို့မှ ငွေကျပ် ၃၀၀၀၀၀စီ၊ Eleven Media အားကစားဂျာနယ်က ငွေကျပ် ၅၀၀၀၀၀၊ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း (၇)နှစ်မြောက် အထိမ်းအမှတ်အဖြစ် စာတည်းမှူးချုပ် ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) က ငွေကျပ် ၃၀၀၀၀၀၊ သုတစွယ်စုံစာအုပ်တိုက်မှ ဒေါက်တာတင်ထွန်းဦးနှင့် ဇနီးက ငွေကျပ် ၂၅၀၀၀၀၊ မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့နာယက ဦးကျော်ညွန့်(ကျော်ညွန့်ရည်) နှင့် ဇနီး ဒေါ်ဝါဝါကျော်နှင့် မြင်းမိုရ်ခေတ် ၁၀၀၀၀ ကုမ္ပဏီမှ ဦးမြသိန်း (မိုးထက်မြင့်-မြစ်ဝကျွန်းပေါ်) တို့က ငွေကျပ် ၂၀၀၀၀၀စီ၊ ဦးနိုင်ကြီး (အနာဂတ် ကျန်းမာရေးဂျာနယ်) က ငွေကျပ် ၁၂၀၀၀၀၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဒေါ်ခင်ခင်စိန် (ယုဝတီခင်စိန်လှိုင်) က ငွေကျပ် ၁၀၀၀၀၀ နှင့် Forever Group မှ ဦးဝင်းမော်က ငွေကျပ် ၂၀၀၀၀၀တို့ကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဦးမြင့်သန်း (Kids Zone) (ကလေးဂျာနယ်)၊ Faces (မုခ)မဂ္ဂဇင်း၊ ဦးစိုးမိုးသန်း (ရန်ကုန်လမ်းညွှန်)၊ မြန်မာနယူးစ်ဝိခ်သတင်းဂျာနယ်နှင့် မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူများ အသင်းတို့က ငွေကျပ် ၁၀၀၀၀၀စီ၊ ဖတိုသစ်စက်မိသားစု၊ ခရမ်းပြာဂျာနယ်၊ သရဖူမဂ္ဂဇင်း၊ Wellness မဂ္ဂဇင်း၊ ဦးချစ်မောင် (ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း)နှင့် ဦးအောင်မြတ်(ပညာရွှေတောင်စာပေ) တို့က ငွေကျပ် ၅၀၀၀၀စီတို့ကို လည်းကောင်း၊ ဦးချစ်နိုင်(ချစ်နိုင်-စိတ်ပညာ)က သုတစာအုပ် ၃၀၀၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးစိုးရှိန်(မောင်စိုးထိုက်-သုံးဆယ်)က လှူငယ်စာပေစာအုပ် ၃၀၀၊ အင်းစိန်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်မြင့်အေး (လာဘ်မိုးစွေစာပေ)က သုတ၊ရသစာအုပ် ၃၀၀နှင့် ဗဟန်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သိန်းဝင်း(မောင်ခိုင်ခန့်)က သုတစာအုပ် ၃၅၀ တို့ကိုလည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)မိသားစုတို့က ငွေကျပ် ၁၀၀၀၀ စီတို့ကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌများက အသီးသီး လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် စာပေညီလာခံအတွက် ဂုဏ်ပြုလှူဒါန်းငွေစုစုပေါင်းငွေကျပ် ၄၂၄၀၀၀၀ နှင့် သုတ၊ရသစာအုပ်မျိုးစုံ ၁၂၅၀တို့ကို အလှူရှင် အသီးသီးက ပေးအပ်လှူဒါန်းကြကြောင်း သိရှိရသည်။

ဆက်သွယ်လှူဒါန်းနိုင်

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် စာပေညီလာခံအတွက် အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက ရန်ကုန်မြို့ အမှတ်(၅၂၉) ကုန်သည်လမ်းနှင့် (၃၇)လမ်းထောင့်ရှိ စာပေဗိမာန် အဆောက်အအုံ ဒုတိယထပ် ဖုန်း- ၂၅၀၁၇၃၊၂၅၂၄၁၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့စတုတ္ထအကြိမ်စာပေညီလာခံ ဂုဏ်ပြုအလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးစဉ်နှင့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

(သတင်းစဉ်)



ပေးအပ်လှူဒါန်း

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟို အလုပ်အမှုဆောင် ကော်မတီဝင် ဒေါ်ခင်ခင်စိန်(ယုဝတီခင်စိန်လှိုင်)က အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးတင်ခထံ အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၃) ဦးမြင့်သိန်းထံ အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မုံရွာမြို့နယ်၊ ထားဝယ်မြို့နယ်နှင့် စမ်းချောင်းမြို့နယ်တို့၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် မေ ၁၈

စစ်ကိုင်းတိုင်း မုံရွာမြို့နယ် ပန်းတောက်ကုန်းရပ်ကွက် မြောက်ဘက်လမ်းသွယ်နေ ဦးသန်းဝင်း၏ နေအိမ်၌ မေ ၁၆ရက် ည ၁၀နာရီ မိနစ် ၅၀တွင် မီးဖိုမီးကြွင်းမီးကျန်မှ စတင်၍ မီးလောင်မှုဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများ စုပေါင်းငြိမ်းသတ်ခဲ့သည်။ မီးလောင်မှုကြောင့် အိမ်နှစ်လုံး ဆုံးရှုံးသွားသည်။

တနင်္သာရီတိုင်း ထားဝယ်မြို့နယ် ဒေါင်းငူတံငါရပ်ကွက် ညောင်ပင်ကြီးလမ်းသွယ်သစ် အမှတ် (၃၇၅) ဦးစိုးသိန်း၏ နေအိမ်၌ မေ ၁၇ ရက် နံနက် ၁နာရီခန့်တွင် ဖယောင်းတိုင်မီးထွန်းထားရာမှ ဝါးထရံသို့ မီးကူးစက်လောင်ကျွမ်းရာ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများ စုပေါင်းငြိမ်းသတ်ခဲ့သည်။ မီးလောင်မှုကြောင့် အိမ်တစ်လုံး ဆုံးရှုံးသွားသည်။

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း(တောင်)ရပ်ကွက် ရတနာလမ်းနှင့် ပန်းခြံလမ်းထောင့်ရှိ ဆိုင်ခန်းအမှတ်(၄)ဆိုင်ရှင် မောင်လှ(ခ) ဆူပန်ဟာမက်၏ မုန့်မျိုးစုံဆိုင်၌ မေ ၁၇ ရက် နံနက် ၃ နာရီတွင် ဝါယာရှော့ဖြစ်ရာမှ မီးလောင်မှုဖြစ်ပွားရာ မုန့်မျိုးစုံနှင့် မျက်နှာကြက်အနည်းငယ် မီးလောင်ဆုံးရှုံးသွားသည်။

(သတင်းစဉ်)

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း မေ ၁၅ ရက်က စည်ပင်သာယာဝန်ထမ်းများ ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးကြစဉ်။

(မြို့နယ်စည်ပင်)



ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရေကျော်လမ်းနေ ကွယ်လွန်သူမိဘ ဦးရင်အိန်၊ ဒေါ်တင်လှ၊ ဦးလေးဦးဝိန်၊ အစ်ကို ဦးဝင်းထိန်တို့အား ရည်စူး၍ ဒေါက်တာဦးစံမြင့်နှင့် ဇနီး၊ ဒေါက်တာစံလင်းနှင့်ဇနီး၊ မခင်စန်းနွဲ့၊ ကိုတင်မောင်မောင်၊ မဆုပန်တို့က ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

ကုန်သည်/ စက်မှုဥက္ကဋ္ဌအား ဂျေစီစီဝိုင်ဥက္ကဋ္ဌ တွေ့ဆုံ

ရန်ကုန် မေ ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်အား Japanese Chamber of Commerce & Industry, Yangon (JCCY) ဥက္ကဋ္ဌ Mr. Toshinao MUTOသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံပြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချင်း ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ Japan-Myanmar CCI Business Cooperation Committee (JMBCC) အစည်းအဝေးများ ဆက်လက်ပူးတွဲကျင်းပနိုင်ရေး၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များ အပြန်အလှန် ဖလှယ်ရေးတို့ကို ရင်းနှီးစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

ကိုယ်တွေ့မျက်မြင် လေ့လာရေးခရီးစဉ်(၂)

စာဖတ်သူတစ်ဦး

သပြေညွန့်မှ စာရေးသူတို့ လေ့လာရေးအဖွဲ့ ဆက်လက်ထွက်ခွာလာချိန်တွင် နာရီကိုကြည့်လိုက်တော့ မွန်းတည့်ချိန်နီးနေပြီဖြစ်သည်။ လေ့လာရေးအဖွဲ့တွင် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက် ၁၃ ဦးပါဝင်သည်။ လေးဦးမှာ အမျိုးသမီးသတင်းထောက်များ ဖြစ်သည်။ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို)မှအဖွဲ့ဝင်များလည်းပါသည်။ ပြည်တွင်း ဂျာနယ်မဂ္ဂဇင်းများမှ အယ်ဒီတာချုပ်များ၊ သတင်းအယ်ဒီတာများ၊ သတင်းထောက် စုစုပေါင်း ၂၇ ဦး လိုက်ပါ လေ့လာကြသည်။

ထို့အပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး Madame Phoebe A. Gomez ၊ ဂျာမနီနိုင်ငံ သံရုံးယာယီတာဝန်ခံ Mr. Dirk Augustin နှင့်အဖွဲ့ဝင်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ ဖြစ်ကြသည့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) မှ လက်ထောက်ဌာနေကိုယ်စားလှယ် Si Canka Dhanapala နှင့် ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) မှ စီမံကိန်းအရာရှိ Jean Benoit Manhez နှင့်အဖွဲ့ဝင်များလည်း လိုက်ပါလေ့လာခဲ့ကြသည်။ သတင်းနှင့် ပြန်ကြားရေးဆိုင်ရာအဖွဲ့တွင် မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့မှ အမျိုးသမီးဝန်ထမ်းများလည်း ပါဝင်သည်။

သပြေညွန့်မှအထွက်တွင် အားလုံးကို အရိပ်အကဲကြည့်လိုက်သောအခါ စိုးရိမ်ကြောင့်ကြမှုကင်းစွာဖြင့် ပျော်ပျော်ရွှင်ရွှင် ရှိနေကြသည်။ ဖိလစ်ပိုင်သံအမတ်ကြီးဆိုလျှင် ယမန်နေ့ညက နေမကောင်း ထိုင်မသာဖြစ်ခဲ့သည်ဟု သိရသော်လည်း ယနေ့ခရီးစဉ်တွင် ကြည်ကြည်လင်လင် ရွှင်ရွှင်ပျပျရှိနေသည်ကို တွေ့ရသည်။ သတင်းသမားများနှင့် အဖွဲ့ဝင်အားလုံး ဒေသခံတိုင်းရင်းသားပြည်သူများ၏ ဇာတိဌာနေနှင့် တစ်သွေးတည်း တစ်သားတည်း ဖြစ်နေသည်ဟု ဆိုရပါမည်။

သပြေညွန့်မှ မုန်းမြို့သို့ ကားလမ်းသည် ကျောက်ခင်းလမ်းဖြစ်သည်။ ခရီးသည်တင် ဟီးနိုးကားကြီးများဖြင့် ခရီးနှင်ရ၍ ဖြည်းဖြည်းမှန်မှန်သာ မောင်းနှင်ခဲ့သည်။ လမ်းတစ်လျှောက်တွင် ကျေးရွာကြီးများကို ဖြတ်သန်းခဲ့ရသည်။ စိုက်ပျိုးရေးအခြေခံနှင့် ရေခံမြေခံကောင်းသော လွင်ပြင်ဒေသဖြစ်၍ ကျေးရွာအားလုံး လူနေမှုအဆင့်အတန်း မြင့်မားနေသည်ကို မြင်တွေ့ရသည်။ တည်ငြိမ်အေးချမ်းမှု အပြည့်အဝ ရရှိပါက ဤကျေးရွာများသည် ယခုထက်အဆပေါင်းများစွာ ဖွံ့ဖြိုးတိုးတက်နိုင်ကြောင်း ခန့်မှန်း၍ရသည်။

ကားစီးရင်း သပြေညွန့်ကျေးရွာမှ အခမ်းအနားကို ပြန်လည်ပုံဖော်နေမိသည်။ ဤခရီးစဉ် တစ်လျှောက်လုံး၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေး ကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းလည်း လိုက်ပါလာခဲ့သည်။ သပြေညွန့်ကျေးရွာတွင် ပြန်ကြားရေးဝန်ကြီးက KNU တပ်မဟာ(၇)အတွင်း အချင်းချင်းအာဏာလု သတ်ဖြတ်ညှဉ်းဆဲမှုများ၊ KNU တို့၏ လူသတ်မီးရှို့၊ မိုင်းထောင်၊ ဖောက်ခွဲဖျက်ဆီးမှုများကြောင့် ဒေသခံပြည်သူအချို့ အတိဒုက္ခရောက်နေရပုံနောက်ခံဖြစ်ရပ်များကို ရှင်းပြခဲ့သည်။ သတင်းစာဆရာများ သိလိုသည့် မေးမြန်းချက်များကိုလည်း အကျယ်တဝင့် ရှင်းလင်းဖြေကြားခဲ့သည်။

စင်စစ် ဤနယ်မြေဒေသနှင့် ဆက်စပ်နေသည့် အရှေ့ရိုးမတောထဲတောင်ထဲတွင် KNU တပ်မဟာ(၇)က ယခင်ပဲခူးရိုးမ၌ ဗကပတို့ ကျင့်သုံးခဲ့သည့် ဖြတ်ထုတ်သတ်လမ်းစဉ်အတိုင်း ထင်ရာစိုင်းနေကြခြင်းဖြစ်သည်။ ထိုအခါ ဖြစ်မြဲသဘာဝအတိုင်း ပတ်ဝန်းကျင်ရှိ ပြည်သူလူထုကိုပါ အကြမ်းဖက် အဖျက်လုပ်ရပ်များဖြင့် ဒုက္ခပေးတော့သည်။ ဤဒေသတွင် မှီတင်းနေထိုင်ကြသော ကရင်တိုင်းရင်းသားများတွင် ပကူး၊ ဘွဲ့၊ ဂေဘား မျိုးနွယ်စုများရှိရာ လက်ရှိ KNU တပ်မဟာ(၂)မှူးအားစီက လူမျိုးခွဲခြားပြီး ပကူးတိုင်းရင်းသားများကိုသာ ဦးစားပေးခဲ့သည်။ ကွယ်လွန်သူ ယခင်တပ်မဟာ(၂)မှူး ဘောနီ၏ သားများကို ရန်ရှာသည်။ ၎င်း၏နောက်လိုက်များကို အပြစ်ရှာသည်။ ဆီဒေါခိုရွာမှ ရွာသားငါးဦးကို အကြောင်းမဲ့ သတ်ဖြတ်ခဲ့သည်။ ထို့ကြောင့် ဘောနီ၏ဇနီး ဒေါ်နော်ပောလ်ဒါ(၇၅နှစ်)က အားစီသည် ၎င်း၏လည်မျိုကို တက်နင်းနေသည်ဟု ဖွင့်ဟပြောကြားခဲ့ကြောင်း သိရသည်။ အဆိုပါ အမိုး၏ ဆိုလိုချက်မှာ KNU တပ်မဟာ(၇) အတွင်း ဓာတ်တူသား စားနေသည်ဟု ဆိုလိုဟန်ဖြစ်သည်။

ဤသို့ တောတွင်းလူသတ်ဝါဒဖြင့် အာဏာပြနေသော အားစီတို့လိုလူများသည် ငြိမ်းချမ်းရေးကို လိုလားသူများလည်း မဟုတ်ချေ။ ထိုလမ်း၊ ထိုစခန်းအတိုင်း ထင်ရာစိုင်းခဲ့သော ဗကပတို့လည်း ပဲခူးရိုးမ၌ ဘယ်သူမပြုမိမိမှုဖြင့် မိုက်ဇာတ်သိမ်းခဲ့ကြရသည်။ ယခုလည်း အားစီတို့က ထိုလမ်းဟောင်းကို ပြန်လိုက်နေကြပြန်သည်။ ထို့အတူ KNU တို့၏ ဒုက္ခသည်စခန်း၊ဒုက္ခသည်ဗန်းပြမှုသည် ယခုမှ ပေါ်ပေါက်လာသော ကိစ္စမဟုတ်ပေ။ ယခင်အစဉ်အဆက်၌ တပ်မတော်က KNU အခိုင်အမာစခန်းကြီးများကို တိုက်ခိုက်သိမ်းပိုက်စဉ်ကတည်းက လုပ်ကြံဖန်တီးထားသော ဇာတ်လမ်းဇာတ်ကွက်ဖြစ်သည်။ KNU တို့၏ အခိုင်အမာ စခန်းကြီးများတွင် ၎င်းတို့၏မိသားစုများ၊ အမာခံများကိုပါ နေထိုင်စေခဲ့သည်။ တပ်မတော်က ထိုစခန်းများကိုတိုက်ခိုက်သိမ်းပိုက်သောအခါ ၎င်းတို့၏မိသားစုများ၊ အမာခံများကို တစ်ဖက်နိုင်ငံ နယ်စပ်သို့ ရွှေ့ပြောင်းနေရာချထားပြီး ဒုက္ခသည်များဟု ဗန်းပြကာ ပြည်ပမှ ငွေကြေး ထောက်ပံ့မှုရအောင် လုပ်ဆောင်သည်။ နိုင်ငံရေးအမြတ်ထုတ်သည်။ အဆိုပါဒုက္ခသည်စခန်း ဗန်းပြမှုသည် နယ်စပ်ဒေသတွင် သောင်တင်နေခဲ့ရာမှ ယခုတစ်ဖန် တစ်စခန်းထလာအောင် လုပ်ဆောင်နေခြင်းပင် ဖြစ်သည်။

စာရေးသူတွေးမိသည်မှာ တပ်မတော်ကသာ KNU တို့ကို အမြစ်ဖြတ် ချေမှုန်းလိုပါက လွန်ခဲ့သော ၁၀ နှစ်ကျော်ကာလခန့်ကပင် လုပ်ဆောင်၍ ရနိုင်ခဲ့သည်။ ငြိမ်းချမ်းရေးတံခါး ဖွင့်ထားစရာမလို။ ငြိမ်းချမ်းရေးစကား ပြောကြားရန်မရှိဟု သုံးသပ်မိသည်။ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ နိုင်ငံတော် အေးချမ်းတည်ငြိမ်ရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို လှိုက်လှိုက်လှဲလှဲ လိုလား၍သာ နိုင်ငံတော်က KNU တို့အတွက် သားရွှေအိုးထမ်းအပြန်လမ်းကို ခင်းပေးနေခြင်းဖြစ်ပေသည်။ သို့ရာတွင် KNU တို့က တံလျှပ်ကိုရေထင်ပြီး ရန်သူကိုမိတ်ဆွေဟု မှတ်မှားနေသည်။ ပြည်ပကို အားကိုးနေသည်။ နိုင်ငံရေးနှင့် လက်နက်ကိုင်လမ်းစဉ်၊ အကြမ်းဖက်လုပ်ရပ်များကို ယနေ့တိုင် ရောထွေးပြီး ကျင့်သုံးနေဆဲဖြစ်သည်။ ဥပဒေဘောင်အတွင်းရောက်ရှိပြီးငြိမ်းချမ်းရေးပန်းတိုင်သို့ လျှောက်လှမ်းနေသော အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ သာဓကနှင့် ပသာဒကို အားကျအတုယူရကောင်းမှန်းမသိဘဲ ရှိနေဆဲဖြစ်သည်။ KNU တို့ နောက်ထပ်ဘာဆက်၍ လုပ်ကြဦးမည်နည်းဟု တွေးနေဆဲမှာပင် မုန်းမြို့သို့ ရောက်ရှိခဲ့သည်။

စာရေးသူအနေဖြင့် ပဲခူးတိုင်း ကျောက်ကြီးမြို့နယ်၌ မုန်းမြို့ဟူ၍ တည်ရှိနေမှန်း အစကမသိခဲ့ရိုး အမှန်ဖြစ်သည်။ မုန်းမြို့သည် အထက်တန်းကျောင်း၊ တိုက်နယ်ဆေးရုံ၊ စည်ပင်သာယာဈေး စသည် တို့ဖြင့် မြို့ပြအင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးနေသော မြို့ကလေးတစ်မြို့ဖြစ်သည်။ ပုဂံခေတ်အလောင်းစည်သူ မင်းလက်ထက် ယခု ယောချောင်းမှဖောင်ဖြင့်ဆန်တက်၍ မြတ်စောညီနောင်ဘုရားအား ဖူးမြော်ပြီး ရပ်နားစဉ် ယခုမုန်းချောင်းနှင့် သောက်ရေခပ်ချောင်းတို့၏ ရေကြည်လင်မှုကို နှိုင်းယှဉ်ကြည့်ရာ မုန်းချောင်းရေက တစ်မူးသာနေ၍ ထိုစဉ်က မူးသာချောင်းဟု ခေါ်ခဲ့ရာမှ လက်ရှိမုန်းချောင်းဟု အမည်တွင်ခဲ့ကြောင်း သိရသည်။

ထိုချောင်းကို အမှီပြု၍ ကျေးရွာတည်ရှိလာရာမှ ယခုအခါ ရပ်ကွက်ငါးခု၊ ကျေးရွာအချို့၊ အိမ်ခြေပေါင်း ၁၈၀၀ နီးပါးရှိသည့် မြို့ကလေးတစ်မြို့အဖြစ် စည်ကားသာယာနေသည်။ ဗမာ၊ ကရင်၊ ရှမ်း စသည့် တိုင်းရင်းသားများ မှီတင်းနေထိုင်ကြသည်။ ဘုန်းတော်ကြီးနှစ်ကျောင်းနှင့် ဘုရားရှိခိုးကျောင်း တစ်ကျောင်းရှိသည်။ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ၊ တယ်လီဖုန်းအိတ်ချိန်းရုံး၊ စာတိုက်ရုံး၊ လျှပ်စစ်ရုံး၊ မီးသတ်တပ်ဖွဲ့၊ တိမွေးကုရုံး၊ စိုက်ပျိုးရေးရုံးများလည်းရှိသည်။ တိုက်နယ်ဆေးရုံတွင် ခွဲစိတ်ကုသခန်းကို ပစ္စည်းကိရိယာအပြည့်အစုံဖြင့် တပ်ဆင်ပေးထားခြင်းကိုကြည့်လျှင် ဤမုန်းဒေသမှ တိုင်းရင်းသားပြည်သူ များ KNU တို့၏ မိုင်းထောင်ဖောက်ခွဲမှုဒဏ်ကို မည်မျှခံခဲ့ရကြောင်း တွက်ဆ၍ရနေသည်။

မွန်းလွဲ ၁ နာရီခွဲခန့် ဆာလောင်နေချိန်တွင် သက်ဆိုင်ရာမှ တည်ခင်းဧည့်ခံသော နေ့လယ်စာကို စားသုံးရ၍ မြိန်လှသည်။ ထမင်းစားနေရင်း တစ်လုတ်စားဖူး သူ့ကျေးဇူးဟူသော စကားကို သတိရမိသည်။ စင်စစ် KNU တို့သည် ၎င်းတို့၏ ဘဝရပ်တည်ရေးအတွက် ဒေသခံပြည်သူတို့ထံမှ ကောက်ခံရရှိသော ဆက်ကြေးဖြင့် အသက်မွေးနေကြရသူများဖြစ်သည်။ ဆက်ကြေးမပေးလျှင်လည်း ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ပြ၍ ကြောက်လန့်ပြီး ပေးကြရသည်ဟု ဒေသခံတိုင်းရင်းသားတစ်ဦးက သပြေညွန့်ရွာ၌ ရှင်းပြခဲ့သည်။ သို့ရာတွင် KNU တို့ကား ထမင်းရှင်ကို ကျေးဇူးတင်ရကောင်းမှန်းမသိ၊ မိုင်းထောင်ဖောက်ခွဲသတ်ဖြတ်၍ ကျေးဇူးဆပ်နေသည်မှာ အံ့သြဖွယ်ကောင်းလှပါ၏။

မုန်းမြို့ခန်းမ၌ကျင်းပသော ဒေသခံပြည်သူတို့၏ KNU နှင့်ပတ်သက်သည့် ရင်ဖွင့်တင်ပြပွဲတွင် တိုက်နယ်ဆရာဝန်ကြီး ဒေါက်တာ

ပဲခူးတိုင်း ရေတာရှည်မြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းရှိ ဆွာမင်းလမ်းကျေးရွာအုပ်စု မှန်စီကျေးရွာ ဆွာလယ်ယာမြေရှိ ရိတ်သိမ်းပြီး စပါးများ ခြွေလှေ့နေမှုကို တွေ့ရစဉ်။

မောင်မောင်ခင်က KNU တို့ထောင်
သဖြင့် ပတ်ဝန်းကျင်ကျေးရွာများနှင့်
လက်ပြတ်ဖြစ်ပြီး ဒုက္ခိတ ဘဝ ရော
ဤဒေသ၌ KNU တို့၏ မိုင်းဒဏ်
နှစ်စဉ်ရှိခဲ့သည်။ ၂၀၀၄ ခုနှစ်က ၁၆
ယောက်၊ ယခု ၂၀၀၆ ခုနှစ် မေလ
ဒဏ်ရာရရှိခဲ့ရသည်။ ယနေ့နံနက်မှ
ရောက်လာ၍ ဖြတ်တောက်ကုသရန် စီ
က ပြောပြသည်။ ကြားရသူ အားလုံး

မူလအစီအစဉ်မှာ တိုက်နယ်
ရပ်မိရပ်ဖတစ်ဦးက KNU တို့၏ လူ
အခမ္ဘခိုင်းစေ၊ မိုင်းထောင်ဖောက်ခွဲမှု
ရန်ဖြစ်သည်။ သို့ရာတွင် တက်ရောက်
တွေ့ကြုံခံစားခဲ့ရသည့် KNU ၏ ရ
သည့် လုပ်ရပ်များကို ဖွင့်ဟပြောကြား
အနားမှူးက မည်သူမဆို မိမိတို့၏ တွေ
နိုင်ပါကြောင်း ဖိတ်ခေါ်လိုက် ရသည်။
လူသတ်မှုလုပ်ရပ်များ၊ လုည်း၊ နွားမျ
ရသော ဖြစ်စဉ်များ၊ ဘုန်းတော်ကြီးကျေ
လက်ပစ်ဗုံးဖြင့် ပစ်ခတ်ခံရပုံ ဖြစ်ရ
မဝရေစာကျွေးကာ အခမ္ဘအလုပ်
ရွာဝန်းကျင် တစ်မိုင်ပတ်လည်အတွင်း
မသွားရဲမလာရဲ လုပ်ငန်းခွင်မဝင်ရဲဘဲ
သားများက ရင်ဖွင့်တင်ပြကြသည်။

သံတမန်များ၊ ကုလသမဂ္ဂလက်
တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပ သ
တွင် နိုင်ငံတကာကအထိ သိရှိနိုင်စေ
လိုက်သည့် ရင်ဖွင့်တင်ပြပွဲဟု ဆိုရပါမ

မူလအစီအစဉ်မှာ တိုက်နယ်ဆရာဝန်ကြီး ရှင်းပြအပြီးတွင် ရ
KNU တို့၏ လူသတ်မီးရှို့၊ ဆက်ကြေးကောက်၊ အခမ္ဘခိုင်းစေ၊ မိုင်း
များနှင့်ပတ်သက်ပြီး ခြုံငုံရှင်းပြရန်ဖြစ်သည်။ သို့ရာတွင် တက်ရော
၎င်းတို့ကိုယ်တိုင် တွေ့ကြုံခံစားခဲ့ရသည့် KNU ၏ ရက်စက်မှုအပေ
သည့်လုပ်ရပ်များကို ဖွင့်ဟပြောကြားလိုကြသည်။ ထို့ကြောင့် အ
မည်သူမဆို မိမိတို့၏ တွေ့ကြုံခံစားရမှုများကို ပြောကြားနိုင်ပါကြော
ရသည်။ ထိုအခါ KNU တို့၏ ရွာမီးရှို့မှု၊ လူသတ်မှုလုပ်ရပ်များ၊
အခမ္ဘဖမ်းဆီးခေါ်ဆောင်ခံရသောဖြစ်စဉ်များ၊ ဘုန်းတော်ကြီးကေ
စုပေါင်းရှင်ပြုပွဲကို လက်ပစ်ဗုံးဖြင့် ပစ်ခတ်ခံရပုံဖြစ်ရပ်များ၊ ခြိမ်း
မဝရေစာကျွေးကာ အခမ္ဘအလုပ် လုပ်ခိုင်းခံရသော ဖြစ်ရပ်များ၊ ရွာ
ပတ်လည်အတွင်း KNU တို့က မိုင်းထောင်နေ၍ မသွားရဲမလ
မဝင်ရဲဘဲ ဖြစ်နေရပုံများကို ဒေသခံတိုင်းရင်းသားများက ရင်ဖွင့်

19-5)08.P65 1 1/1/32, 7:25 AM

ပြည်ထောင်စု မြန်မာနိုင်ငံဆိုင်ရာ သံတမန် အဖွဲ့ နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး Madame Phoebe A.Gomez KNU ၏ မိုင်းထောင် ဖောက်ခွဲမှုကြောင့် ဆေးဝါးကုသမှု ခံယူနေရသော မုန်းမြို့မှ စတုတ္ထတန်းကျောင်းသူ မဝါဝါစိုးအား နှစ်သိမ့်အားပေး စကားပြောကြားစဉ်။

မောင်မောင်ခင်က KNU တို့ထောင်သောမိုင်းများကို နင်းမိ ပေါက်ကွဲသဖြင့် ပတ်ဝန်းကျင်ကျေးရွာများနှင့် မြို့ပေါ်ရပ်ကွက်များမှ ခြေပြတ် လက်ပြတ်ဖြစ်ပြီး ဒုက္ခိတ ဘဝ ရောက်ရှိနေရပုံများကို ရှင်းပြသည်။ ဤဒေသ၌ KNU တို့၏ မိုင်းဒဏ်ကြောင့် ဒဏ်ရာရသည့်လူနာ များ နှစ်စဉ်ရှိခဲ့သည်။ ၂၀၀၄ ခုနှစ်က ၁၆ ယောက်၊ ၂၀၀၅ ခုနှစ်က ၁၄ ယောက်၊ ယခု ၂၀၀၆ ခုနှစ် မေလ ၁၃ ရက်နေ့အထိ ၁၈ ယောက် ဒဏ်ရာရရှိခဲ့ရသည်။ ယနေ့နံနက်မှာပင် မိုင်းထိလူနာတစ်ယောက် ရောက်လာ၍ ဖြတ်တောက်ကုသရန် စီစဉ်ထားရသည်ဟု ဆရာဝန်ကြီးက ပြောပြသည်။ ကြားရသူ အားလုံး စိတ်မချမ်းမသာ ဖြစ်ကြရသည်။

မူလအစီအစဉ်မှာ တိုက်နယ်ဆရာဝန်ကြီး ရှင်းပြအပြီးတွင် ရပ်မိရပ်ဖတစ်ဦးက KNU တို့၏ လူသတ်မီးရှို့၊ ဆက်ကြေးကောက်၊ အဓမ္မခိုင်းစေ၊ မိုင်းထောင်ဖောက်ခွဲမှုများနှင့် ပတ်သက်ပြီး ခြုံငုံရှင်းပြရန်ဖြစ်သည်။ သို့ရာတွင် တက်ရောက်လာသူများက ၎င်းတို့ကိုယ်တိုင် တွေ့ကြုံခံစားခဲ့ရသည့် KNU ၏ ရက်စက်မှုအပေါင်း သရဖူဆောင်းသည့် လုပ်ရပ်များကို ဖွင့်ဟပြောကြားလိုကြသည်။ ထို့ကြောင့် အခမ်းအနားမှူးက မည်သူမဆို မိမိတို့၏ တွေ့ကြုံခံစားရမှုများကို ပြောကြားနိုင်ပါကြောင်း ဖိတ်ခေါ်လိုက် ရသည်။ ထိုအခါ KNU တို့၏ ရွာမီးရှို့မှု၊ လူသတ်မှုလုပ်ရပ်များ၊ လှည်း၊ နွားများကို အဓမ္မဖမ်းဆီး ခေါ်ဆောင်ခံရသော ဖြစ်စဉ်များ၊ ဘုန်းတော်ကြီးကျောင်းကိုမီးရှို့ပြီး စုပေါင်းရှင်ပြုပွဲကို လက်ပစ်ဗုံးဖြင့် ပစ်ခတ်ခံရပုံ ဖြစ်ရပ်များ၊ ခြိမ်းခြောက်ဖမ်းဆီးပြီး မဝရေစာကျွေးကာ အဓမ္မအလုပ် လုပ်ခိုင်းခံရသော ဖြစ်ရပ်များ၊ ရွာဝန်းကျင် တစ်မိုင်ပတ်လည်အတွင်း KNU တို့က မိုင်းထောင်နေ၍ မသွားရဲမလာရဲ လုပ်ငန်းခွင်မဝင်ရဲဘဲ ဖြစ်နေရပုံများကို ဒေသခံတိုင်းရင်းသားများက ရင်ဖွင့်တင်ပြကြသည်။

သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများ၏ ရှေ့မှောက်တွင် နိုင်ငံတကာကအထိ သိရှိနိုင်စေရန် သိကြားစေ သက်သေညွှန်းလိုက်သည့် ရင်ဖွင့်တင်ပြပွဲဟု ဆိုရပါမည်။ ရင်ဖွင့်တင်ပြကြသူအချို့မှာ

**ာဝန်ကြီး ရှင်းပြအပြီးတွင် ရပ်မိရပ်ဖတစ်ဦးက
ှုံးကောက်၊ အဓမ္မခိုင်းစေ၊ မိုင်းထောင်ဖောက်ခွဲမှု
စ်သည်။ သို့ရာတွင် တက်ရောက်လာသူများက
ည့် KNU ၏ ရက်စက်မှုအပေါင်း သရဖူဆောင်း
ားလိုကြသည်။ ထို့ကြောင့် အခမ်းအနားမှူးက
များကို ပြောကြားနိုင်ပါကြောင်း ဖိတ်ခေါ်လိုက်
ရှို့မှု၊ လူသတ်မှုလုပ်ရပ်များ၊ လှည်း၊ နွားများကို
စ်စဉ်များ၊ ဘုန်းတော်ကြီးကျောင်းကို မီးရှို့ပြီး
စ်ခတ်ခံရပုံဖြစ်ရပ်များ၊ ခြိမ်းခြောက်ဖမ်းဆီးပြီး
ပ်ခိုင်းခံရသော ဖြစ်ရပ်များ၊ ရွာဝန်းကျင် တစ်မိုင်
င်းထောင်နေ၍ မသွားရဲမလာရဲ လုပ်ငန်းခွင်
တိုင်းရင်းသားများက ရင်ဖွင့်တင်ပြကြသည်။**

အပြန်ခရီးတွင် ဤနယ်မြေ ဤဒေသမှ တိုင်းရင်းသားပြည်သူများ အလိုအရှိဆုံးမှာ ဘယ်အရာဖြစ်ပါသနည်းဟု တွေးနေမိသည်။ ဤနယ်မြေ ဤဒေသမှ ကျေးရွာများအနေဖြင့် ဘယ်အရာကို အလိုရှိနေပါသလဲဟု မေးခွန်းထုတ်မိသည်။ ထိုအခါ ဝတ္ထုတိုတစ်ပုဒ်၏ ခေါင်းစဉ်လေး စိတ်ထဲတွင်ပေါ်လာသည်။ “ဘာကိုရွေးမလဲ ရွာကလေးရယ်” ဟူ၍ဖြစ်သည်။ ဤသို့မေးလာပါက ဤနယ်မြေ ဤဒေသမှ ကျေးရွာများ၊ ဒေသခံတိုင်းရင်းသားများက ငြိမ်းချမ်းခြင်း၊ သာယာဝပြောခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်းတို့ကိုသာ ရွေးလိုပါသည်ဟု ဧကန်မုချ ဖြေကြားကြမည်သာဖြစ်သည်။

ခံစားခဲ့ရသော ကိုယ်တွေ့ဖြစ်ရပ် များကို ပြန်လည်တင်ပြရင်း ငိုသံပါနေကြသည်။ မျက်ရည်ကျလုမတတ်ဖြစ်သူများလည်းရှိသည်။ စာရေးသူတို့ရင်မှာလည်း ပင့်သက်တရှိုက် လှိုက်ခနဲဖြစ်ပေါ်ခဲ့သည်။ ရင်ဖွင့်တင်ပြချက်များကို အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုပြောကြားသဖြင့် သံတမန်များ၊ ကုလသမဂ္ဂဆိုင်ရာ တာဝန်ရှိသူများလည်း စာရေးသူတို့နည်းတူ ခံစားနေကြပုံကိုတွေ့ရသည်။ အပြန်ခရီးအတွက် အချိန်ကန့်သတ်ချက်ရှိ၍ အခမ်းအနား အစီအစဉ်ကို အဆုံးသတ်ခဲ့ရသော်လည်း စာရေးသူတို့သာ အချိန်ပေးနားထောင်နိုင်ပါက KNU တို့၏ အကြမ်းဖက် အဖျက်လုပ်ရပ်များကို ဒေသခံတိုင်းရင်းသားတို့က တစ်ထောင့်တစ်ညပုံပြင်မက ရင်ဖွင့်ပြောကြားကြရန် ရှိနေဆဲဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

ထိုမှတစ်ဆင့် KNU တို့၏ မိုင်းဒဏ်ကြောင့် ဆေးဝါးကုသမှု ခံယူနေရသူလူနာများအား ကြည့်ရှုအားပေးရန် တိုက်နယ်ဆေးရုံသို့ သွားရောက်ခဲ့ကြသည်။ တိုက်နယ်ဆေးရုံမှာ ဝင်းနှင့်ခြံနှင့်ဖြစ်ပြီး သပ်သပ်ရပ်ရပ် စနစ်တကျရှိသည်။ မိုင်းထိလူနာများအား ဝန်ကြီး၊ သံတမန်များ၊ ကုလသမဂ္ဂဆိုင်ရာ တာဝန်ရှိသူများက တစ်ဦးချင်းကြည့်ရှု၍ အားပေးစကားပြောကြားကြသည်။ စတုတ္ထတန်းကျောင်းသူ (၁၂)နှစ်သမီး မဝါဝါစိုးဆိုသော ကလေးငယ်မှအစ အသက်အရွယ်အစုံ၊ တိုင်းရင်းသားစုံ၊ မိုင်းထိလူနာများကို တွေ့ရသည်။ မေးမြန်းကြည့်ရှု အားပေးသူများကြောင့် ၎င်းတို့လည်းအားတက်နေကြဟန်ရှိသည်။ ဖိလစ်ပိုင်သံအမတ်ကြီးက တစ်ဦးချင်းကို အားပေးနှစ်သိမ့်စကား လိုက်လံပြောကြားသည်။ သတင်းသမား များကလည်း တွေ့ဆုံမေးမြန်း မှတ်တမ်းတင်ကြသည်။ ဘယ်ခြေထောက် ဖြတ်တောက်ကုသခံထားရသော မဝါဝါစိုးအား နာကျင်နေသေးသလားဟု မေးကြသည်။ ကလေးက မနာတော့ဘူးဟု ရိုးရိုးသားသားဖြေသည်။ ရွာဝန်းကျင်၌ မောင်နှမတစ်စု အင်ဖက်ကောက်ရန်သွားရင်း ကံဆိုးမိုးမှောင် ကျခဲ့ရသူလေးဖြစ်သည်။ ကလေးခမျာ ကျောင်းဖွင့်ချိန်အမီ ကျောင်းတက်ရန်သာ စိတ်စော၍နေသည်။ သားသမီးချင်း၊ ညီအစ်ကို မောင်နှမချင်း၊ တိုင်းရင်းသားပြည်သူအချင်းချင်း ကိုယ်ချင်းစာနာမှုများ စာရေးသူတို့ကိုယ်စီ၏ ရင်တွင်း၌ ပြည့်သိပ်ခံစားခဲ့ရသည်။

ပြန်ကြားရေးဝန်ကြီးက မိုင်းထိလူနာများ ဆေးဝါးကုသရေးတွင် ထောက်ပံ့ကူညီသည့်အနေဖြင့် ၎င်း၏ အိတ်ထဲတွင်ပါသော ငွေများကိုထုတ်၍ ဦးဆောင်လှူဒါန်းသည်။ သံတမန်များ၊ ကုလသမဂ္ဂဆိုင်ရာ တာဝန်ရှိသူများကလည်း မိမိတို့အိတ်ထဲတွင်ပါသမျှထုတ်၍ လှူဒါန်းကြသည်။ ပြည်တွင်းပြည်ပ သတင်းစာဆရာများကလည်း ပါဝင်လှူဒါန်းကြသည်။ သတင်းနှင့်ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိသူများကလည်း လှူဒါန်းကြသည်။ လတ်တလောအလှူဖြစ်၍ ရရှိငွေစုစုပေါင်း ကျပ် ၁၀၁၃၀၀ ကို ပေးအပ်လှူဒါန်းနိုင်ခဲ့ပါသည်။

မုန်းမြို့မှ ပြန်လည်ထွက်ခွာချိန်တွင် နေအတော်စောင်းနေပြီဖြစ်သည်။ မုန်းမြို့မှ ဒေသခံ တိုင်းရင်းသားပြည်သူများနှင့် ဖြတ်သန်းရာလမ်းတစ်လျှောက်မှ တိုင်းရင်းသားပြည်သူများက လေ့လာရေး အဖွဲ့ဝင်များအား လက်များဝှေ့ယမ်း၍ ဝမ်းသာရွှင်ပျ နှုတ်ဆက်ကြသည်။ ၎င်းတို့၏ဒေသကို ကိုယ်တိုင် ကိုယ်ကျ လာရောက်လေ့လာပြီး ပကတိဖြစ်ရပ်မှန်များကို ပြန်ကြားပေးကြမည့် စာနယ်ဇင်းသမားများအား အားထားယုံကြည်စိတ်အပြည့်ဖြင့် နှုတ်ဆက်ကြခြင်းဖြစ်သည်။

အပြန်ခရီးတွင် ဤနယ်မြေဤဒေသမှ တိုင်းရင်းသားပြည်သူများ အလိုအရှိဆုံးမှာ ဘယ်အရာဖြစ်ပါသနည်းဟု တွေးနေမိသည်။ ဤနယ်မြေဤဒေသမှ ကျေးရွာများအနေဖြင့် ဘယ်အရာကို အလိုရှိနေပါသလဲဟု မေးခွန်းထုတ်မိသည်။ ထိုအခါ ဝတ္ထုတိုတစ်ပုဒ်၏ ခေါင်းစဉ်လေး စိတ်ထဲတွင်ပေါ်လာသည်။ “ဘာကိုရွေးမလဲ ရွာကလေးရယ်”ဟူ၍ဖြစ်သည်။ ဤသို့မေးလာပါက ဤနယ်မြေဤဒေသမှ ကျေးရွာများ၊ ဒေသခံတိုင်းရင်းသားများက ငြိမ်းချမ်းခြင်း၊ သာယာဝပြောခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်းတို့ကိုသာ ရွေးလိုပါသည်ဟု ဧကန်မုချ ဖြေကြားကြမည်သာဖြစ်သည်။

ထို့ကြောင့် ပြည်သူတို့ လိုလားတောင့်တသော ငြိမ်းချမ်းရေး၊ သာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် KNU တို့၏ မှားယွင်းသော အကြမ်းဖက်အဖျက်လုပ်ရပ်များ ရပ်တန့်ရပ်သိမ်းချုပ်ငြိမ်းသွားအောင် နိုင်ငံတော်၊ ပြည်သူ၊ တပ်မတော်တို့နှင့်အတူ စာရေးသူတို့ စာနယ်ဇင်းသမားများကလည်း ပါဝင်ပူးပေါင်း ဆောင်ရွက်သွားကြရမည်သာ ဖြစ်ပါတော့သည်။ ။

မမုန်းရက်ပါ မုန်း

* ဆယ့်နှစ်နှစ်ရွယ်၊ သမီးငယ်၏
နုနယ်ဘဝ၊ ဖူးပွင့်စကို
မြေခကြွေသက်၊ ဘဝပျက်အောင်
ခြေလက်ဖြတ်သူ ကေအင်န်ယူ။

* အိုကြီးအိုမ၊ မိနှင့်ဖကို
တုပ်ကွလုပ်ကျွေး၊ လူငယ်လေးအား
မကျွေးနိုင်အောင်၊ မိုင်းဗုံးထောင်၍
အမှောင်ဇာတ်တွင်း၊ ဆွဲ၍သွင်းသည်
ရုန့်ရင်းလှသူ ကေအင်န်ယူ။

* ဟင်းစားရှာဖွေ၊ သားတို့အမေလျှောင်
နေညိုချိန်တန်၊ အိမ်အပြန်ဝယ်
မပြန်နိုင်လတ်၊ ခြေစုံပြတ်၍
မတ်တတ်က, လဲ၊ သွေးအိုင်ထဲဝယ်
ကြေကွဲစေသူ ကေအင်န်ယူ။

* ဗုဒ္ဓဘာသာ၊ ရှင်တစ်ရာကို
သာသနာ့အမွေ၊ ခံယူနေတုန်း
လက်ပစ်ဗုံးဖြင့်
ဝုန်းဒိုင်းပေါက်ကွဲ၊ အကျိုးနည်းအောင်
ပွဲဖျက်ခဲ့သူ ကေအင်န်ယူ။

* သြော်...ကေအင်န်ယူက၊ အဘယ်မျှပင်
အလှပျက်သုဉ်း၊ ဘဝဆုံးအောင်
မုန်းရပ်ဒေသ၊ နေထိုင်ကြသည့်
ဖြူစင် နှလုံးသား၊ ပြည်သူများကို
သနားမဖက်၊ ရက်စက်မဆုံး
မုန်းကြီးမုန်းလည်း၊ မုန်းဒေသနေ
ပြည်သူတွေကို၊ ဒို့တွေမမုန်း
ချစ်မဆုံးဘဲ၊ နှလုံးစိတ်တွင်
မြတ်နိုးခင်လျက်၊ ကြင်နာအားပေး
ယုယထွေး၏
မြော်တွေးဆန္ဒ၊ ဆုခြွေရသော်
“မြန်မာ့မြေတစ်ဝှမ်း၊ အလှခန်းအောင်
အကြမ်းဖက်သူ၊ သောင်းကျန်းသူကို
ပြည်သူဒဏ်ခတ်၊ မကြာလတ်ဘဲ
မိုက်ဇာတ်အမြန် သိမ်းပါစေ။
မမုန်းနိုင်တဲ့ မုန်းချောင်းရေ။
ငြိမ်းချမ်းကြည်လင်စီးပါစေ”။ ။

(၁၃-၅-၂၀၀၆ရက်နေ့ မုန်းဒေသသို့ ပြည်တွင်း ပြည်ပ သတင်းစာဆရာများ လေ့လာရေးခရီးစဉ် အမှတ်တရ)

မြင်းမူ မောင်နိုင်မိုး

စားအုန်းဆီတန်ချိန် ၂၇၀၀ပါ MT-Smooth Sea(4) သင်္ဘော ရန်ကုန်မြို့ ထီးတန်း ကျောက်မီးသွေးဆိပ်ကမ်းသို့ ရောက်ရှိလာရာ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တန်ချိန် ၂၇၀၀ပါ စားအုန်းဆီသင်္ဘော ရောက်ရှိ

ရန်ကုန် မေ ၁၈

နိုင်ငံတော်အစီအစဉ်ဖြင့် မလေးရှား၊အင်ဒိုနီးရှားနှင့် စင်ကာပူနိုင်ငံများမှ စားအုန်းဆီများကို တင်သွင်းကာ ပြည်သူလူထုသို့သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိရာ ယနေ့နံနက် ၁၀နာရီတွင် စားအုန်းဆီတန်ချိန် ၂၇၀၀ပါ MT-Smooth Sea(4) သင်္ဘောသည် ရန်ကုန်မြို့ ထီးတန်းကျောက်မီးသွေးဆိပ်ကမ်းသို့ ရောက်ရှိလာရာ တာဝန်ရှိသူများက လာရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထပ်မံဆိုက်ကပ်လာမည်

အလားတူ မေ ၂၄ရက်တွင် စားအုန်းဆီတန်ချိန် ၂၇၅၀ပါ သင်္ဘောတစ်စင်းနှင့် မေ ၂၆ရက်တွင် စားအုန်းဆီတန်ချိန် ၂၉၀၀ပါ သင်္ဘောတစ်စင်းတို့ ထပ်မံဆိုက်ကပ်လာမည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာ ဂျူဒိုအဖွဲ့ ဂျပန်နိုင်ငံသို့ထွက်ခွာ

ရန်ကုန် မေ ၁၈

မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်အနေဖြင့် အပြည်ပြည်ဆိုင်ရာ ဂျူဒိုပြိုင်ပွဲများတွင် ရွှေတံဆိပ်များ ဆွတ်ခူးရရှိရေးအတွက် ရည်ရွယ်လျက် ဂျပန်နိုင်ငံ ရှီကိုဒိုကန် ဂျူဒိုကျောင်းမှ ဂျပန်နိုင်ငံလုံးဆိုင်ရာ ဂျူဒိုအဖွဲ့ချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မေ ၁၇ရက်မှ ၂၄ရက်အထိ ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးညှိနှိုင်းရန် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်း ခေါင်းဆောင်သော မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်မှ အဖွဲ့ဝင်လေးဦးတို့ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့တွင် ရန်ကုန်မြို့မှ ဂျပန်နိုင်ငံသို့ ထွက်ခွာသွားကြသည်။

ပို့ဆောင်နှုတ်ဆက်

မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သီသီရှိန်နှင့် အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ဝဲပုံ)**

လိုက်ပါသွား

မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် ကိုယ်စားလှယ်အဖွဲ့တွင် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအေးကြည်၊ နည်းပြချုပ် ဦးသန်းမောင်နှင့် အမှုဆောင် ဦးအောင်မျိုးရှိန်တို့ လိုက်ပါသွားကြသည်။ (သတင်းစဉ်)

သီတဂူဆရာတော် ရေအလှူတော်တရားပွဲ

ရန်ကုန် မေ ၁၈

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော် မဟာမုနိဓမ္မာရုံကြီးတွင် မေ ၂၁ရက် (တနင်္ဂနွေနေ့) ည ၇ နာရီမှစ၍ စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ(D.Litt)P.hd က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ (၆၄)

ဟိုပုန်းမြို့ မိုးကုတ်ဝိပဿနာ တရားစခန်းပွဲ

ရန်ကုန် မေ ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုန်းမြို့ မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲ(၃၉၆)၌ အလုပ်ပေး ခုနစ်ရက်တရားစခန်းပွဲကို မေ ၂၉ရက်မှ ဇွန် ၄ရက်အထိ ကျင်းပမည်ဖြစ်သည်။

ယင်းတရားစခန်းပွဲတွင် ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် နယ်လှည့်ဓမ္မကထိက ခရမ်း အရှင်ဩဘာသ(သာသနာ့တက္ကသိုလ ဓမ္မာစရိယ B.A) (ရွှေဘုန်းမြင့်ကျောင်း၊ ခြောက်ထပ်ကြီးဘုရားကြီးတိုက်) အရှင်သူမြတ်က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီများ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။ (က-ပ)

မေလ တတိယ ၁၀ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

ရန်ကုန် မေ ၁၈

အနောက်တောင် မုတ်သုံလေသည် မြစ်ဝကျွန်းပေါ်ဒေသများသို့ မေလတတိယ ရက်သတ္တပတ်အတွင်း ဝင်ရောက်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအများအားဖြင့် အားအသင့်အတင့်ရှိနိုင်ပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

မိုးအခြေအနေများမှာ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ရွာသွန်းမြဲထက်ပိုပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ရွာသွန်းမြဲခန့်သာရှိမည်။

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၁၅၀ စင်တီမီတာ ၅ပေခန့်၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ၉၀စင်တီမီတာ ၃ပေခန့်၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် ၇၅စင်တီမီတာ ၂ပေခွဲခန့်လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့်ဟုမ္မလင်းမြို့တို့တွင် ၉၀စင်တီမီတာ ၃ပေခန့်၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၄၅စင်တီမီတာ ၁ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်သည်။

တောင်သမန်သစ္စာဇာတ်ကား ရုံသုံးရုံ၌ဆက်လက်ပြသ

ရုပ်ရှင်

ရန်ကုန် မေ ၁၈

ယခု သောကြာပတ်တွင် မြန်မာရုပ်ရှင်ဇာတ်ကား သစ်မဝင်ဘဲပြသဆဲ မြန်မာဇာတ် ကားတစ်ကားဖြစ်သည့် "တောင်သမန်သစ္စာ" ဆေးရောင်စုံ ဇာတ်ကားမှာ သမ္မတ၊ သွင်နှင့် မင်္ဂလာ အဆင့်မြင့်ရုပ်ရှင်ရုံသုံးရုံ၌ ဆက်လက်ပြသည်။

ဇာတ်လမ်း

မောင်ကောင်းမြတ်နှင့် ခင်ခင်မြတ်မောင်နှမနှစ်ဦးသည် ကြေးရတတ်သားသမီး နှစ်ဦးဖြစ်သည်။ နှစ်ဦးစလုံး ရုပ်ရည်ရူပကာချောမောကြသော်လည်း အစ်ကိုက ပညာတတ်ပြီး အပေါင်းအသင်းဆံ့သည်။ ညီမက ပညာကို ပြည့်စုံအောင် မသင်ရဘဲ ဆွေဂုဏ်မျိုးဂုဏ်မောက်ကာ မာနကြီးသည်။ အစ်ကိုက တောင်သမန်ရွာသူ ငယ်ချစ်ခင်ဦးကို လက်ထပ်ရန် ဆုံးဖြတ်သော်လည်း ညီမကသဘောမတူ၊ ဟန့်တားပိတ်ပင်ခဲ့သည်။ သို့သော် နောက်ဆုံးမတတ်သာ၍ လိုက်လျောကာ အိမ်မှာ အတူနေရသော်လည်း ယောက်မကို ပြစ်ရှာ ငြူစူခဲ့သည်။ အစ်ကို ပြည်ပ သွားနေစဉ် ယောက်မကို အိမ်ထောင်ရေး ဖောက်ပြန်သူဟူ၍ ဇာတ်လမ်းဆင်ကာ အစ်ကိုကို အယုံသွင်းသဖြင့် အိမ်ထောင်ရေး ပြိုကွဲခဲ့ရသည်။

သို့သော် အဖြစ်မှန်ကိုသိသူအပေါင်းအသင်းများ၏ ကြိုးပမ်းမှု၊ တောင်သမန်ကို တိုင်တည်သစ္စာဆိုခဲ့သူ ခင်ဦး၏ သစ္စာစကားတို့က အဖြစ်မှန်ကို ပေါ်ပေါက်စေပြီး ကြည်နူးချမ်းမြေ့စွာ ပြန်လည် ပေါင်းဖက်မိကြသည့် ဇာတ်လမ်း ဖြစ်သည်။ အဆိုပါ ဇာတ်ကားတွင် ရန်အောင်၊ ရဲအောင်၊ ဒွေး၊ မေသန်းနု၊ နန္ဒာလှိုင် (နှစ်ကိုယ်ခွဲ)နှင့် နဝရတ်တို့ ပါဝင်သရုပ်ဆောင်ထားကြသည်။

နိုင်ငံခြားရုပ်ရှင်

ရှေ့ဆောင်ရုံတွင် Seven Swords နိုင်ငံခြားဇာတ်ကားပြသနေပြီး နေပြည်တော်ရုံတွင် Aeonflux ဇာတ်ကား ပြသ နေသည်။ (ကြေးမုံ)

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ကြီးမှူးကျင်းပသော ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် အကြိုပညာပေးဟောပြောပွဲ အခမ်းအနားကို မေ ၁၈ရက်က အမှတ်(၂) စက်မှုဇုန်ခန်းမတွင် ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်တင်ပပဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြမြဝင်းက ဆေးလိပ်အန္တရာယ်အကြောင်း သိကောင်းစရာများကို ဆွေးနွေးဟောပြောစဉ်။ (မိခင်/ကလေး)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၉-၅-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- **၇:၁၅** ၄။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၆။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- **၄:၁၅** ၄။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၂၀** ၅။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၄:၃၀** ၆။ နားဝင်ငြိမ့်စီးသီချင်းကြီး
- **၄:၄၀** ၇။ မျိုးချစ်တပ်မတော်
- **၄:၅၀** ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၅:၄၅** ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၁။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၂။ မိုးလေဝသသတင်း
- **၆:၂၅** ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၄၀** ၁၄။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- **၆:၅၀** ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နန်းတွင်းရတနာ" (အပိုင်း-၄၂)**
- **၈:၀၀** ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ Goals Show
- ၂၀။ စိုက်ပျိုးသုတ
- ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "လက်မတင်လေး" (အပိုင်း-၄)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

သစ်တောသစ်ပင် ဒို့ချစ်ခင်
အစဉ်စိုက်ပျိုး အလှတိုး

လုံးချောနှင့်ယှဉ်ပြိုင်မည့် တစ်ကျော့ပြန်လက်ဝှေ့ကျော် ရွှေဝါထွန်းနှင့် တွေ့ဆုံခြင်း

သတင်း–ဇင်လင်းထွန်း(ဓနုဖြူ)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော မြန်မာ့ရိုးရာလက်ဝှေ့ ကိုယ်အလေးချိန်အတန်းလိုက် တံခွန်စိုက် ရွှေခါးပတ်ပြိုင်ပွဲ ဗိုလ်လုပွဲကို မေ ၂၁ရက်တွင် ကျင်းပမည်ဖြစ်သည်။ ထိုပြိုင်ပွဲကြီးသို့ မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်၏ ရည်ရွယ်ချက်နှင့် စေတနာကို အလေးအနက်ထားကာ အားကြိုးမာန် တက်ဝင်ရောက်ယှဉ်ပြိုင်ကြသော ရိုးရာလက်ဝှေ့သမားများတွင် ဂန္ထဝင်ပထမတန်းလက်ဝှေ့ကျော်ကြီး ရွှေဝါထွန်းလည်း အပါအဝင်ဖြစ်သည်။ ၎င်းသည် အလွတ်တန်းပြိုင်ပွဲတွင် နှစ်ရှည်ဥယျာဉ်ရိုးရာ လက်ဝှေ့အဖွဲ့ကို ကိုယ်စားပြုပြီး လုံးချော (KLN) နှင့် ယှဉ်ပြိုင်မည်ဖြစ်သည်။

ရွှေဝါထွန်း ပါဝင်ယှဉ်ပြိုင်လာခြင်းကို ပရိသတ်အချို့က နားလည်ရခက်နေပုံရသည်။ သူ့ထက်အသက်ငယ်သော ရွှေရူဝံ၊ အောင်အောင်ထွန်း စသည်တို့ပင် လက်ဝှေ့သမားဘဝမှ အနားယူသွားကြပြီဖြစ်၍ ရွှေဝါထွန်းက လက်ဝှေ့ပြန်ထိုးမည်ဆိုသည်ကို မဖြစ်နိုင်ဟု ယူဆသူများရှိနေသည်။

လက်ဝှေ့ကျော် ရွှေဝါထွန်း သဲအိတ်ဖြင့် လေ့ကျင့်နေစဉ်။

တွေ့ဆုံမေးမြန်း

ထိုသို့ ဒွိဟပွားနေကြသော ပရိသတ်များရှိသကဲ့သို့ ရွှေဝါထွန်းဟာ စိတ်ရှိလို့ သာပြန်ထိုးတာပါ။ အဘိုးကြီးဖြစ်နေမှ ဘာထိုးနိုင်မှာလဲဟု ပွဲမကောင်းမှာ တွေးလျက် စိတ်ပျက်နေကြသော ပရိသတ်များလည်းရှိနေရာ အခြေအနေမှန်ကို သိနိုင်ရန်အတွက် ရွှေဝါထွန်း နေထိုင်ရာ သထုံမြို့ လိပ်အင်းရပ်သို့ သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေး။ ။ကိုရွှေဝါထွန်းခင်ဗျား၊ အခုလို ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲကြီးကို ဘယ်လိုရည်ရွယ်ချက်နဲ့ ဘာကြောင့် ဝင်ရောက်ယှဉ်ပြိုင်ဖြစ်ခဲ့တယ်ဆိုတာ ပြောပြပေးပါလား။

ဖြေ။ ။ကျွန်တော်ဟာ တစ်ချိန်က မြန်မာပြည် ချန်ပီယံဆိုပြီး ဆယ်စုနှစ်တစ်ခုကျော် အောင်မြင်မှုရခဲ့ပါတယ်။ ဒါပေမယ့် ရွှေခါးပတ် ချန်ပီယံဆိုတာတော့ မဖြစ်ခဲ့ဖူးပါဘူး။ ကျွန်တော့်ခေတ်တုန်းကလည်း အဖွဲ့ချုပ်ဆိုတာလည်း မရှိခဲ့ဘူးလေ။ မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ် ပေါ်လာပြီး ၁၉၉၆ ခုနှစ်က ပထမအကြိမ်ပြိုင်ပွဲကျင်းပတော့လည်း ဝင်ပြိုင်ခဲ့ပေမယ့် ရွှေရူဝံကို ရှုံးပြီး ရွှေခါးပတ်နဲ့လွဲခဲ့ရပြန်တယ်။

မေး။ ။ဒုတိယအကြိမ်ပြိုင်ပွဲတုန်းကတော့ ကိုရွှေဝါထွန်း ဝင်မပြိုင်ခဲ့ဘူးနော်။

စေတနာကိုအလေးထား

ဖြေ။ ။ဟုတ်ပါတယ်။ အဲဒီအချိန်မှာ ကျွန်တော် လက်ဝှေ့သမားဘဝကို နားလိုက်မယ်ဆိုပြီး နေခဲ့တဲ့အချိန်ပါ။ သုံးနှစ်ကျော်လောက်ကြာခဲ့တာပေါ့။

မေး။ ။ဒါဆို အခုပြိုင်ပွဲကျမှ ရိုးရာလက်ဝှေ့လောကထဲကို ပြန်ဝင်လာခဲ့တာ ပေါ့။

ဖြေ။ ။မဟုတ်ဘူးခင်ဗျ။ ကျွန်တော် လက်ဝှေ့ပြန်ထိုးနေတာ ၂၀၀၄ ခုနှစ်ကတည်းကပါ။ ဒါကြောင့် စောစောက စကားကို ပြန်ဆက်ရရင် ကျွန်တော် လက်ဝှေ့လောကထဲကို ပြန်ဝင်လာတဲ့အချိန်နဲ့ အခုလို ရွှေခါးပတ်ပြိုင်ပွဲကြီး ကျင်းပတာ လာပြီးတိုက်ဆိုင်နေတော့ ကျွန်တော့်ဘဝအတွက် အမှတ်တရ ရွှေခါးပတ်ရယူနိုင်သလို မြန်မာပြည် ချန်ပီယံ ပြန်ဖြစ်နိုင်တဲ့ အခွင့်အရေးကို လက်မလွှတ်ချင်တာရယ်၊ မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်ရဲ့ ရည်ရွယ်ချက်နဲ့ စေတနာကို အလေးအနက်ထားမိတာရယ်ကြောင့်ဝင်ရောက်ယှဉ်ပြိုင်ဖြစ်တာပါ။

မေး။ ။ဒီပြိုင်ပွဲ မတိုင်ခင် ဘယ်လက်ဝှေ့ သမားတွေနဲ့ ဘယ်နှစ်ပွဲထိုးခဲ့ပြီလဲ။

ဖြေ။ ။ငါးပွဲ၊ ခြောက်ပွဲလောက် ထိုးခဲ့ပြီးပါပြီ။ မွေထိုင်းလက်ဝှေ့သမား အဖုန်းနဲ့ပဲ နှစ်ပွဲထိုးခဲ့ပါတယ်။ ပြီးခဲ့တဲ့ သင်္ကြန်မတိုင်ခင်မှာ ဝမ်ချိုင်းနဲ့ ကချင်ပြည်နယ်မှာ ထိုးခဲ့ပါတယ်။ အဖုန်းကို တစ်ပွဲသရေ၊ တစ်ပွဲနိုင်၊ ဝမ်ချိုင်းကိုတော့ သုံးချီမှာ အနိုင်ရခဲ့ပါတယ်။

ကြိုးဝိုင်းပေါ်မှာ

မေး။ ။ဟုတ်ကဲ့–ကိုရွှေဝါထွန်း ခင်ဗျာ။ ကျွန်တော်တို့ ရန်ကုန်ပေါ့လေ။ ပြိုင်ပွဲကျင်းပတာကို စိတ်ဝင်စားတဲ့ ပရိသတ် တချို့တွေက ဒီပြိုင်ပွဲမှာ ရွှေဝါထွန်းလို အဘိုးကြီးကို ခေါ်ထိုးတာ ဘယ်လိုလုပ် ပွဲကောင်းနိုင်မှာလဲ ဆိုတာမျိုး ရှိနေကြတယ်။ ကိုရွှေဝါထွန်းအနေနဲ့ တက်လူ လုံးချောကို လက်ရည်တူ၊ သက်လုံတူ ယှဉ်နိုင်ပါ့မလားပေါ့။

ဖြေ။ ။ဟုတ်ကဲ့–ကျွန်တော်နားလည်ပါတယ်။ သူတို့ ဒီလိုထင်ကြတာလဲ မမှားပါဘူး။ ကျွန်တော်ကတော့ ကြိုးဝိုင်းပေါ်မှာပဲ ဖြေပြချင်ပါတယ်။ ဒါပေမယ့် ဆရာမေးတာကို ဖြေရရင် စိတ်ချပါ။ ကျွန်တော့်သက်လုံဟာ ငါးချီလောက်နဲ့တော့ မဖောက်ပါဘူး။ လက်ရည်တူဆိုတဲ့ နေရာမှာတော့ ရိုးရာလက်ဝှေ့ပညာနဲ့ ပတ်သက်လာရင် ကျွန်တော် မယှဉ်နိုင်တဲ့သူဆိုတာ ဟိုတုန်းကတည်းက မရှိသလို အခုလည်း မရှိပါဘူး။ အသက်အရွယ်အရ ခွန်အားမှာတော့ ကွာချင်ကွာနိုင်တာပေါ့လေ။

မေး။ ။တချို့ကလည်း ကိုရွှေဝါထွန်းရဲ့ တစ်ချိန်ကလက်ရည်ကို မမြင်ဘူးကြသလို မြင်ဖူးကြပေမယ့်လည်း လက်ဝှေ့လောကနဲ့ ကင်းကွာတာ ကြာနေပြီဆိုတော့ နှစ်ချီတောင်ခံပါ့မလားပေါ့၊ ဒါမျိုးစိုးရိမ်နေကြတာလဲ ရှိတယ်။

ယုံကြည်မှုအပြည့်

ဖြေ။ ။ကျွန်တော့်ကို လုံးချော ဘယ်နှစ်ချီနဲ့ဖြတ်နိုင်မလဲဆိုတာ ကျွန်တော် လုံးဝ မစိုးရိမ်ပါဘူး။ ဒါသူ့ကို ကျွန်တော်က အထင်သေးလို့ ပြောတာ မဟုတ်ဘူးနော်။ ကျွန်တော့်ကိုယ် ကျွန်တော် ယုံကြည်မှု အပြည့်ရှိလို့ ပြောတာပါ။

မေး။ ။ဟုတ်ကဲ့–ကျွန်တော်သိရတာတော့ ကိုရွှေဝါထွန်းဟာ မြိုင်ကြီးငူ နှစ်ရှည်ဥယျာဉ်ရိုးရာ လက်ဝှေ့အဖွဲ့ခွဲ ဖြစ်တဲ့ သထုံမှာ နည်းပြဆရာ လုပ်နေတယ်လို့လေ။ နည်းပြဆရာ ဘဝက လှုပ်ရှားနေနိုင်သေးတယ် ဆိုတာ နမူနာပြချင်တယ်။ နောက်ပြီး ကျွန်တော် တတ်တဲ့ ရိုးရာ လက်ဝှေ့ပညာကို ကြိုးဝိုင်းထဲမှာ ထိုးပြရင်းက ယူတတ်တဲ့ ကလေးတွေရပါစေဆိုပြီး ပညာဖြန့်ဝေချင်တဲ့ စေတနာလည်းပါတယ်။ ဒါ့တကယ့်ကျွန်တော့်စိတ်ရင်းခံပါ။

မေး။ ။ဟုတ်ကဲ့– ကိုရွှေဝါထွန်း ခင်ဗျာ ခုလိုဖြေကြား ပေးတာကျေးဇူး

နေ ဘယ်လိုကြောင့် လက်ဝှေ့ကြိုးဝိုင်းထဲပြန်ဝင်လာဖြစ်ခဲ့တယ် ဆိုတာလေးလည်း ပြောပြပါဦး။

ဖြေ။ ။ဟုတ်ကဲ့ နည်းပြဆရာလုပ်တော့ ကလေးတွေကို လေ့ကျင့်ပေးရင်းက သူတို့ကို အားမရတဲ့အခါ ကိုယ်တိုင် ဝင်လုပ်ပြ၊ ထိုးပြရင်းက ငယ်မူငယ်သွေးပြန်ပေါ်လာပြီး ရိုးရာလက်ဝှေ့ ကြိုးဝိုင်းထဲပြန်ဝင်ဖြစ်တာပါ၊ အဲဒီမှာ ဘာရည်ရွယ်ချက် ပါလာသလဲဆိုတော့ အခုကျွန်တော် တွေ့နေရတဲ့ ရိုးရာ လက်ဝှေ့သမား တချို့က နည်းနည်းလောက် အောင်မြင်မှု ရလာပြီဆိုရင် အသောက်အစား အပျော်အပါးတွေဖက်ပြီး ပျက်စီးသွားကြတော့ အရွယ်မတိုင်ခင် လက်ဝှေ့သမားဘဝကို ကျောခိုင်းကြရတယ်။ ကျွန်တော် ဆယ်စုနှစ်တစ်ခုကျော် ချန်ပီယံ ဖြစ်ခဲ့တာ အနေအထိုင်ဆင်ခြင်ခဲ့လို့၊ အလေ့အကျင့်မပြတ်ခဲ့လို့ပါ၊ အခုလဲကျွန်တော် ဆေးလိပ်တောင် မသောက်ပါဘူး၊ ဒီတော့ ရွှေဝါထွန်းကြီးက ရိုးရာလက်ဝှေ့ပညာကိုချစ်တဲ့အတွက် အနေအထိုင်ဆင်ခြင်ခဲ့လို့၊ အလေ့အကျင့်မပြတ်ခဲ့လို့ ခုချိန်အထိ ကြိုးဝိုင်းထဲမှာပါပဲ၊ ဒါထက် အခု ကိုရွှေဝါထွန်း အသက်က (၄၄)နှစ် ရှိပြီဆိုတော့ လက်ဝှေ့ထိုးဖို့ အသက်ကြီးလွန်းပြီလို့ မထင်မိဘူးလား။

ဖြေ။ ။မထင်ပါဘူးခင်ဗျ၊ ကျွန်တော့် အဖေ ပထမတန်း လက်ဝှေ့ကျော် ဦးဖြူကြီးဆိုရင် အသက်(၅၂)နှစ်အထိ လက်ဝှေ့ထိုးခဲ့တာပါ၊ အဖေ့ထက်စာရင် ကျွန်တော် အများကြီး ငယ်ပါသေးတယ်။

လက်ဝှေ့ကျော်ကြီး ရွှေဝါထွန်းနှင့် သထုံတွင် တွေ့ဆုံခဲ့ပြီး နှုတ်ဆက်ကာ ရန်ကုန်သို့ နေ့ချင်းပြန် ခရီးနှင်ခဲ့သည်။

ရွှေခါးပတ် ချန်ပီယံ တံခွန်စိုက် လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲကို မေ ၂၁ရက် မွန်းလွဲ ၂နာရီတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)၌ ကျင်းပမည် ဖြစ်သည်။ အဆိုပါ ဗိုလ်လုပွဲ ပွဲစဉ်အတွက် ကြိုတင် လက်မှတ်များကို ဇော်ပစ်တိုင်းထောင် ဗီဒီယို ၁၇၄(မြေညီထပ်) ၃၅လမ်း ရန်ကုန်မြို့။ ဖုန်း–၇၈၇၆၅၀၌ ဝယ်ယူအားပေးနိုင်ကြောင်း တင်ပြလိုက်ရပါသည်။



အင်းစိန်မြို့ နံ့သာကုန်းရပ်ကွက် သာယာကုန်းလမ်းနေ ဦးမျိုးသွင်–ဒေါ်ချိုမိသားစုတို့က အလှူငွေကျပ်တစ်သိန်းကို အင်းစိန်မြို့ ကွက်သစ်မာလာရာမ ဘုန်းတော်ကြီးကျောင်းဝင်းရှိ စိန်ရတနာ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးမြသင်း၊ဘဏ္ဍာရေးမှူးဦးမြင့်ရှိန်နှင့် တွဲဖက်စာရင်းစစ် ဦးသန်းဌေးတို့က လက်ခံရယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (က–ပ)



မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများဖြစ်ပေါ်နိုင်

၂၀၀၆ခုနှစ်၊ မေ ၁၈ ရက် မွန်းလွဲ ၂ နာရီအချိန် ထုတ်ပြန်ချက် ယနေ့နံနက် ၀၉း၃၀ နာရီအချိန်ထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်း တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး တနင်္သာရီတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ် နှင့် ရန်ကုန်တိုင်းတို့တွင် ဖြစ်မြဲထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့ပြီး ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဖြစ်မြဲအောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ကယားပြည်နယ်တွင် ဖြစ်မြဲအောက် ၅ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် ဖြစ်မြဲခန့်သာရှိခဲ့သည်။ ထူးခြားသည့်နေ့အပူချိန်များမှာ မုံရွာမြို့နှင့် မင်းဘူးမြို့တွင် ၃၈ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကော့သောင်းမြို့တွင် ၅ ဒသမ ၀၀ လက်မ၊ မြိတ်မြို့တွင် ၂ ဒသမ ၁၂ လက်မ၊ ဖျာပုံမြို့တွင် ၁ ဒသမ ၆၁ လက်မနှင့် မချမ်းဘောမြို့တွင် ၁ ဒသမ ၂၆ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။ ဘင်္ဂလား ပင်လယ်အော်အနောက် အလယ်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

၂၀၀၆ ခုနှစ် မေ ၁၉ ရက် ညနေထိ ခန့်မှန်းချက်

မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်ကာ ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်၊ တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နိုင်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် ၃၁ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၈၈ဒီဂရီဖာရင်ဟိုက်) **၁၇–၅–၂၀၀၆**

အနိမ့်ဆုံးအပူချိန် ၁၉ ဒသမ ၈ ဒီဂရီစင်တီဂရိတ် (၆၈ ဒီဂရီဖာရင်ဟိုက်) **၁၈–၅–၂၀၀၆**

၀၉း၃၀နာရီအချိန် စိုထိုင်းဆ ၉၂ ရာခိုင်နှုန်း **၁၈–၅–၂၀၀၆**

နေပူသည့်နာရီပေါင်း ၁ ဒသမ ၆ နာရီခန့် **၁၇–၅–၂၀၀၆**

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၁၇–၅–၂၀၀၆	(၀ဒသမ၃၁လက်မ)	(၀ဒသမ၅၁လက်မ)	(၀ဒသမ၄၈လက်မ)
၁–၁–၂၀၀၆ရက်မှ ယနေ့အထိ	(၈ဒသမ၇၄လက်မ)	(၉ဒသမ၂၅လက်မ)	(၉ဒသမ၀၆လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၇–၅–၂၀၀၆ရက် ၁၁း၃၀ နာရီအချိန်တွင် အရှေ့တောင်ဘက်မှ တစ်နာရီ ၇ မိုင်နှုန်း တိုက်ခတ်သည်။

အာဆင်နယ်အိပ်မက် ပြင်သစ်၌ ပြိုပျက်ခဲ့ရသည်

ဇာနည်ဦး

ချန်ပီယံလိဂ် ဆုဖလားကြီးကို ဆွတ်ခူးရယူနိုင်ပြီးနောက် ဘာစီလိုနာ အသင်းသားများ အောင်ပွဲခံနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဥရောပချန်ပီယံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို မေ ၁၈ရက်နေ့က ပြင်သစ်နိုင်ငံ စတိတ်ဒီဖရန့်ကွင်းကြီး၌ ကျင်းပခဲ့ရာ စပိန်နိုင်ငံမှ ဘာစီလိုနာကလပ်အသင်းက အင်္ဂလန်မှ အာဆင်နယ်ကလပ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားခဲ့သည်။

ဗိုလ်လုပွဲကို စပိန်နှင့် အင်္ဂလန် ဘောလုံးကွင်းများတွင် မကျင်းပဘဲ ပြင်သစ်နိုင်ငံ၌ ကျင်းပခဲ့သော်လည်း နှစ်ဖက်အသင်းအားပေးသူ ပရိသတ်များ ကွင်းလုံးပြည့်လျှံအောင် အားပေးခဲ့ကြသည်။

ဗိုလ်လုပွဲအကြိုကာလတွင် ဘာစီလိုနာအသင်းက ချန်ပီယံဖလားဆွတ်ခူးနိုင်ချေ ပို၍ရှိကြောင်း ခန့်မှန်းသူအများစုရှိခဲ့သည်။ ပွဲစတင်ကစားချိန်တွင်မူ အာဆင်နယ်က ဘာစီလိုနာကို ထိန်းချုပ်ကစားကာ ကစားကွက်အသာစီးရရန် ဖန်တီးသွားသည်။ ကွင်းလယ်စိုးမိုးမှုကို အာဆင်နယ်က ပို၍ထိန်းချုပ်နိုင်ခဲ့သည်။

သို့ရာတွင် ကံကြမ္မာက အာဆင်နယ်ဘက်ကို အသာမပေးခဲ့ဟုပင်ဆိုရမည်။ ၁၈မိနစ်တွင် ဂိုးသမားလေမန်းက တစ်ဦးတည်းကျွတ်ထွက်လာသူ ဘာစီလိုနာ တိုက်စစ်မှူး အီတိုခြေထဲမှ ဘောလုံးကို ဓရိယာအစပ်အထိထွက်၍ လုံ့အိပ်ဖျက်ထုတ်လိုက်သည်။ ဘောလုံးက လွတ်ထွက်သွားသည်။ လေမန်းက အီတိုခြေထောက်ကို ဆွဲဖမ်းလိုက်၍ အီတို လဲကျသွားသည်။ ကွင်းလယ်ဒိုင်လူကြီး တာဂျေဟပ်ဖ်က ချက်ချင်းပင် အနီကတ်ထုတ်ပြကာ ဂိုးသမားလေမန်းကို ထုတ်ပယ်လိုက်သည်။ ဂိုးသမားအထုတ်ခံရ၍ အရန်ဂိုးသမား အယ်လ်မူနီယာ အစားထိုးနိုင်ရေးအတွက် ကွင်းထဲမှ အမာခံကစားသမား ပီရက်စ်ကို ထုတ်လိုက်ရသည်။ ပြင်သစ်လက်ရွေးစင်ဖြစ်သူ ပီရက်စ်လည်း မိမိအိမ်ခံကွင်းတွင် ခြေစွမ်းမပြ

အာဆင်နယ်ဂိုးသမား ဂျင်းလေမန်းအား ဒိုင်လူကြီးက အနီကတ်ပြကာ ထုတ်ပယ်စဉ်။
(ဓာတ်ပုံ-အင်တာနက်)

လိုက်ရဘဲ မကျေမလည်ဖြစ်၍ လူစားလဲခံလိုက်ရသည်။

အာဆင်နယ်ဂိုးသမား လေမန်းက အထုတ်ခံရခြင်းနှင့်ပတ်သက်၍ "ဒိုင်က ဘာစီလိုနာကို အခွင့်အရေးပေးကြောင်း၊ သို့ရာတွင် ဒိုင်လူကြီးကိုမူ နားလည်ပါကြောင်း၊ ဒိုင်အနေဖြင့် ဆုံးဖြတ်ချက်ကို အလျင်အမြန်ဆုံးဖြတ်ရသည်မှာ ခက်ခဲလှကြောင်း၊ အာဆင်နယ် ပေးရသော ပထမဂိုးမှာ လူကျံဂိုးဟု ထင်ပါကြောင်း"ပွဲအပြီးတွင် ပြောသွားသည်။

အာဆင်နယ် ၁၀ယောက်နှင့် ၁၁ယောက်ကစားရပြီဖြစ်ရာ ပို၍ဖြစ်ညှစ်ကစားလာသည်။ ဟင်နရီသည် အသင်းခေါင်းဆောင်ပီသစွာ ပွဲကို ဦးဆောင်ကစားသည်။ ၃၇မိနစ်တွင် အာဆင်နယ် ဖရီးကစ်ကန်ခွင့်ရရာ ဟင်နရီ ကန်တင်ပေးသည်ကို အင်္ဂလန်နောက်ခံလူ ဆိုးလ်ကင်းဘဲလ် ခေါင်းတိုက်သွင်းလိုက်၍ အာဆင်နယ် ဦးဆောင်ဂိုးစတင်ရရှိသွားသည်။

ဘာစီလိုနာက ရော်နယ်ဒင်ဟိုမွှေနှောက်ထိုးဖောက်မှုဖြင့် အာဆင်နယ်ဘက်သို့ အတိုပေး၊ အမြန်ဖောက်နည်းဖြင့် ကစားသည်။ အမြင့်ဘော၊ အဝေးပေးစနစ် သိပ်မသုံး။ အတွင်းထဲသို့ အတင်းဝင်ထိုးဖောက်ကစားလာသည်။ ပထမပိုင်းတွင် အာဆင်နယ်က တစ်ဂိုးဖြင့် ဦးဆောင်ခဲ့သည်။

ဒုတိယပိုင်းတွင် ဘာစီလိုနာက ပွဲကို ထိန်းချုပ်ကစားလာနိုင်သည်။ အာဆင်နယ်က ထိုင်ကစားလာသည်။ တစ်ဂိုးဖြင့် အပိုင်ထိန်းချုပ်ကစားရန် ဦးတည်လာသည်။ ဘာစီလိုနာက ကွင်းထက်ဝက်အထိ ဖိကစားကာ ဘယ်ညာနှစ်ဖက်နှင့် အလယ်ကြော နေရာစုံမှ ထိုးဖောက်လာသည်။ ၇၆မိနစ်တွင် လာဆင်ပေးသည့် ဘောလုံးကို အီတိုက ဂိုးသမား အာလ်မူနီယာ ပိတ်ထားသည့် ဂိုးတိုင်အောက်ခြေထောင့်ထဲသို့ ကန်သွင်းကာ ချေပဂိုးရယူသွားသည်။

ထိုအချိန်တွင် ပြင်သစ်မိုးကလည်း သဲသဲမဲမဲရွာလာသည်။ ဘာစီလိုနာ တိုက်စစ်အဟုန်ကလည်း မြင့်မားလာသည်။ ၈၁မိနစ်တွင် လာဆင်ပေးသည့် ဘောလုံးကို ဘယ်လက်တီ အနီးကပ်ကန်သွင်းလိုက်ရာ ကန်ချက်က ပြင်း၊ မိုးရေကြောင့် ဘောလုံးကလည်း ချောနေ၍ ဂိုးသမားခြေနှစ်ဖက်ကြားမှ ဝင်သွားသဖြင့် ဘာစီလိုနာ အနိုင်ဂိုးရကာ နှစ်ဂိုး-တစ်ဂိုးဖြင့် ပွဲသိမ်းပြီး ဥရောပချန်ပီယံလိဂ်ဖလားကြီးဆွတ်ခူးရရှိသွားသည်။

အင်္ဂလန်မှ အာဆင်နယ်အသင်း ရှုံးသော်လည်း ဗြိတိသျှသတင်းစာများက အာဆင်နယ်ကို သူရဲကောင်းဟု ကင်ပွန်းတပ်ကာ သတင်းစာ၌ ခေါင်းမည်းကြီးများဖြင့် ဖော်ပြခဲ့ကြသည်။ အာဆင်နယ်အသင်း ခေါင်းဆောင်ဖြစ်သူ ဟင်နရီက ဒိုင်လူကြီးကို စွပ်စွဲခဲ့သည့် စကားကိုလည်း အင်္ဂလိပ်သတင်းစာများက အသားပေးရေးသားဖော်ပြခဲ့ကြသည်။

ဟင်နရီက ဒိုင်လူကြီးကို စွပ်စွဲပြောကြားခဲ့သော စကားတစ်ခွန်းမှာ-

"ဒိုင်လူကြီးက အာဆင်နယ်အသင်း၏ အိပ်မက်ကို အစိတ်စိတ်အမြွှာမြွှာကွဲအောင် ပြုလုပ်ခဲ့သည်" ဟူ၍ ဖြစ်သည်။ ။

ပထမပိုင်းအတွင်း အာဆင်နယ်အသင်းမှ အလက်ဇန္ဒာဟက်ဘ် (ဝဲ) **နှင့် ကိုလိုတိုရေး** (ယာ) **တို့က ဘာစီလိုနာအသင်းမှ ရိုနယ်ဒင်ဟို၏ ခြေတွင် ရှိနေသောဘောလုံးကို ရယူထိန်းချုပ် နိုင်ရန် ကြိုးပမ်းစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror ပြည်ပအားကစားသတင်းများ

အာဆင်နယ်အသင်းအတွက် ယူကျုံးမရဖြစ်ကြရ ရဲရင့်ဝံ့စားမှုစိတ်ဓာတ်ကို ဗြိတိသျှမီဒီယာများဖော်ပြ

လန်ဒန် မေ ၁၈

ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဘာစီလိုနာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသော အာဆင်နယ်အသင်းအတွက် ယူကျုံးမရဖြစ်မိကြောင်း ဗြိတိသျှမီဒီယာများတွင် ကြာသပတေးနေ့က ရေးသားဖော်ပြကြသည်။

၁၀ဦးတည်းဖြင့် ကစားခဲ့ရသော အာဆင်နယ်အသင်းသည် အနိုင်မခံအရှုံးမပေးစိတ်ဓာတ်ဖြင့် ရဲရဲရင့်ရင့် ယှဉ်ပြိုင်ကစားခဲ့လင့်ကစား မြင်းကောင်းခွာလိပ်ဖြစ်ရပြီဟူ၍ ဒေးလီးအိပ်စ်ပရက်သတင်းစာတွင် ရေးသားဖော်ပြထားသကဲ့သို့ ဂါဒီယန်သတင်းစာကလည်း စိတ်ဓာတ်မြင့်မားသည့် အာဆင်နယ်အသင်း နိဂုံးပိုင်းတွင်မှ အရေးမလှဖြစ်ရသည်ဟူ၍ သုံးသပ်တင်ပြထားသည်။

ဒေးလီးတယ်လီဂရပ်ဖ်သတင်းစာကမူ အာဆင်နယ်အသင်း၏ အရှုံးကို **"ပြင်သစ်ရောက်မှ အရေးမလှ"**ဟူ၍ ခေါင်းစဉ်တပ်ကာ ရေးသားဖော်ပြထားသည်။

ထိုနည်းတူပင် ဒေးလီးစတားသတင်းစာမှ **"သတ္တိရှိသည့် အာဆင်နယ်အသင်း အသည်းကွဲခဲ့ရပြီ"**ဟူ၍သုံးနှုန်းကာ ကြေကွဲဝမ်းနည်းနေသော ဂိုးသမား ဂျင်းလေမန်းအား ယူကျုံးမရ အပူလုံးကြွနေသော တိုက်စစ်မှူး ဟင်နရီနှင့်အတူ တွေ့မြင်ရသည့်ဓာတ်ပုံကို ဖော်ပြထားသည်။

ချီးကျူး

အာဆင်နယ်အသင်းသည် အလာကောင်းသော်လည်း အခါနှောင်းခဲ့ရပြီး ချီးကျူးထိုက်လှသော အသင်းကောင်းဖြစ်သည်ဟု ဘာစီလိုနာနည်းပြ ဖရန့်စ်ရီခတ်က ကြာသပတေးနေ့တွင် ပြောကြားသည်။

အာဆင်နယ်အသင်းသည် စွမ်းဆောင်ရည်ကောင်းမွန်ပြီး စွမ်းစွမ်းတမံ ယှဉ်ပြိုင်ကစားသွားသည်ဟု ဒတ်ချ်လူမျိုး ရီခတ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

စပိန်ဘောလုံးအသင်းများသည် အောင်မြင်မှုများနှင့်အတူ ထူးခြားလှသည့် သီတင်းတစ်ပတ်ကို အဆုံးသတ်နိုင်ပြီဖြစ်သည်။ ချန်ပီယံလိဂ်တွင် ဘာစီလိုနာအသင်း အောင်ပွဲခံသကဲ့သို့ လွန်ခဲ့သည့်ရက်သတ္တပတ်က ယူအီးအက်ဖ်အေဖလား ဗိုလ်လုပွဲတွင် စပိန်နိုင်ငံမှ ဆီဗီလာအသင်းက အင်္ဂလန်မှ မစ်ဒယ်ဘရော့အသင်းကို လေးဂိုးပြတ်ဖြင့် အနိုင်ရရှိကာ အောင်ပွဲခံခဲ့သည်။

ဒိုင်၏အဆုံးအဖြတ်ကိုကျေနပ်သူ ဂျင်းလေမန်း

ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် ထုတ်ပယ်ခံခဲ့ရသူ အာဆင်နယ်ဂိုးသမား ဂျင်းလေမန်းက ဒိုင်လူကြီး တာဂျေဟပ်ဖ်၏ အဆုံးအဖြတ်ကို မိမိနားလည်လက်ခံမိပါကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဒိုင်လူကြီး ဟပ်ဖ်သည် တိုတောင်းသည့်အချိန်ပိုင်းအတွင်း ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ရကြောင်း၊ ဒိုင်လူကြီးများအနေဖြင့် ယင်းသို့ ဆုံးဖြတ်ချက်ချမှတ်ရန်ခဲယဉ်းမည်ဖြစ်ကြောင်း ဂျာမန်လူမျိုးဂိုးသမား လေမန်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ၊ရိုက်တာ။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၉-၅-၂၀၀၆ (သောကြာနေ့)

၁၃၆၈ခုနှစ်၊ကဆုန်လပြည့်ကျော်(၈)ရက် (ဥပုသ်နေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၇း၃၀ ၃။ နံနက်ခင်းသတင်း

၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇း၅၀ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်

၈း၀၅ ၆။ အကပြိုင်ပွဲ

၈း၁၀ ၇။ ကြေးမုံရိပ်သွင်တေးနယ်ဉ်

၈း၂၀ ၈။ ရေလှောင်တမံ ရဲနွယ်

၈း၃၀ ၉။ International News.

၈း၄၅ ၁၀။ English for Everyday Use.

၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄း၃၀ ၃။ တေးဂီတအစီအစဉ်

၄း၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (ရက္ခဗေဒအထူးပြု)(ရက္ခဗေဒ)

၄း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ

၅း၁၀ ၆။ **"ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ" (လွင်မိုး၊မင်းမော်ကွန်း၊ဇာနည်၊ကင်းကောင်၊စိုးမြတ်နန္ဒာ၊ကြည်လဲ့လဲ့ဦး၊ဂွမ်းပုံ)**

၅း၂၀ ၇။ မြန်မာစာ၊မြန်မာစကား

၅း၃၀ ၈။ **"ဟွန်းသံ" (ရောနှင့်ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ) (ဒါရိုက်တာ-သက်တင်)**

၅း၃၅ ၉။ နှောင်းခေတ်တေးပဒေသာ

၅း၄၅ ၁၀။ တံတားအလှ ပန်းလောင်

၅း၅၀ ၁၁။ နေဝင်ဘဝ အလှဝေစည် မေတ္တာဝတီ

၆း၀၀ ၁၂။ ညနေခင်းသတင်း

၆း၃၀ ၁၃။ မိုးလေဝသအခြေအနေ

၆း၃၅ ၁၄။ သုတစုံလင်ရွှေဉာဏ်ရှင်

၇း၀၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဖန်ပန်းလှလှ" (အပိုင်း-၁၀)**

၈း၀၀ ၁၆။ ပြည်တွင်းသတင်း

၁၇။ နိုင်ငံတကာသတင်းများ

၁၈။ မိုးလေဝသအခြေအနေ

၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရှေ့နေ" (အပိုင်း-၇)**

၂၀။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်းတရားတော်

၂၁။ နောက်တစ်နေ့အစီအစဉ်

၂၂။ အစီအစဉ်ပြီး၏။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင်အသင်းများ၏ ပုံရိပ်လွှာ

အုပ်စုကျပ်ထဲမှ နာမည်ကြီးအီတလီ

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အကို

ဂျာမနီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် အုပ်စုများ မဲခွဲချထားစဉ် ထွက်လာသောအုပ်စုအဖြေကိုအီတလီ ဘောလုံးပရိသတ်များ စိုးရိမ်ပူပန်နေကြကြောင်းအီတလီအသင်းနည်းပြဆရာမာဆယ်လိုလစ်ပီ သိရှိနားလည်လိုက်သည်။ ချက်သမ္မတနိုင်ငံ၊ ဂါနာ၊ အမေရိကန်ပြည်ထောင်စုတို့နှင့် တစ်အုပ်စုထဲ ကျသဖြင့် အုပ်စုကျပ်တစ်အုပ်စုဖြစ်သည်ကို အီတလီပရိသတ်များက လက်ခံလိုက်ကြသည်။ အကယ်၍ သူတို့အသင်း အုပ်စုဒုတိယသာ ရခဲ့မည်ဆိုလျှင် ဒုတိယရှုံးထွက်အဆင့်၌ ဘရာဇီးနှင့် ထိပ်တိုက်တွေ့မည်ဟု တွက်လိုက်ကြသည်။ ဤအချက်က အီတလီများကို ပို၍စိုးရိမ်မှု ဖြစ်စေခဲ့သည်။

မည်သို့ပင်ဖြစ်စေ နည်းပြဆရာ ဟစ်ပီက စိတ်ပျက်စရာ အခြေအနေများကို လုံးဝလက်မခံခဲ့ချေ။

"ဖီဖာက သတ်မှတ်ထားတဲ့ အဆင့်နဲ့ကြည့်ရင် ကျွန်တော်တို့အသင်းက ချက်၊ အမေရိကန်အသင်းတွေထက် အဆင့်နိမ့်ပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ အဲဒီအသင်းတွေကို နိုင်အောင်ကစားပြနိုင်တယ်။ ဒီလိုအဆင့်ရောက်မှတော့ ပြိုင်ဘက်အသင်းတိုင်းက ကောင်းကြမှာချည်းပဲဗျာ။ အုပ်စုပထမ မရရင် ဘရာဇီးအသင်းနဲ့ ဒုတိယရှုံးထွက်အဆင့်မှာ တွေ့နိုင်စရာအကြောင်းရှိတယ်ဆိုတာ ကျွန်တော်တို့လည်း သိပါတယ်။ အဲဒီလိုဖြစ်ခဲ့ရင် ကျွန်တော်တို့အတွက် တကယ့်ကိုစိတ်ဓာတ်ကျစရာကောင်းလိမ့်မယ်"ဟု ဟစ်ပီက မှတ်ချက်ချလိုက်သည်။

အီတလီဘောလုံး အသင်းနည်းပြ မာဆယ်လိုလစ်ပီ။
(ဓာတ်ပုံ-အင်တာနက်)

လစ်ပီ၏ အကောင်းဘက်မှ လှည့်ပြီး ရှုမြင်သုံးသပ်ချက်သည် လွဲသွားစရာအကြောင်းမရှိဟု ယူဆရသည်။ အစဉ်အလာအတိုင်း သူတို့အသင်း အစမှာ အထနေးခဲ့မည်ဆိုလျှင် သေချာပေါက်ရှုံးရတော့မည်ကို အီတလီများ ကောင်းကောင်းကြီး သိကြသည်။ ထို့ကြောင့် အုပ်စုမှကျွတ်ထွက်ဖို့အတွက် နည်းပြဆရာ၏ ပွဲကိုင်လမ်းညွှန်မှုအတိုင်း တစ်သဝေမတိမ်း ဆောင်ရွက် သွားဖို့လိုသည်။

အီတလီအသင်းမှ အရေးပါသော ရှေ့တန်း တိုက်စစ်မှူး လူကာတိုနီ (ဖီအိုရင်တီးနာ)။

အီတလီအသင်းသည် ၂၀၀၂ ခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် ၂၀၀၄ ခုနှစ် ယူရိုပြိုင်ပွဲများတွင် ရှုံးနိမ့်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ အီတလီပရိသတ်က မျှော်လင့်စောင့်စားရသည်ထက် ပိုမိုပြီး မျှော်လင့်ချက်ထားနေကြသည်။ မည်သို့ပင်ဖြစ်စေ၊ အသင်းကို စုစည်းညီညွတ်မှု ရှိအောင်နှင့် စိတ်ဓာတ်ခိုင်မာမှု ရှိအောင် တည်ဆောက်ပေးထား ပြီးပြီဟု နည်းပြဆရာက လုံးလုံးလျားလျားယုံကြည်ထားသည်။

ဂမ်ဆိုင်း

ခြေစစ်ပွဲ အောင်မြင်ဖို့အတွက် နည်းပြဆရာလစ်ပီသည်၄-၃-၁-၂ အထိုင်ချ ကစားခဲ့သည်။ တော်တီကို တိုက်စစ်မှူး လူကာတိုနီနှင့် အဲလ်ဘာတိုဂီလာဒီနိုတို့၏နောက်မှလိုက်ကစားခိုင်းထားသည်။ နည်းပြဆရာ လစ်ပီသည်အလွန်ပါးနပ်သူဖြစ်သည်။အခြေအနေကိုကြည့်ပြီး ကစားကွက်ကိုပြောင်းလဲတတ်သည်။ အခု လာမည့်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အခြေအနေအရ လိုအပ်ခဲ့လျှင် ၄-၄-၂ ပုံစံပြောင်းကစားသွားမည့် ဟန်ရှိသည်။ တိုနီ သို့မဟုတ် ဂီလာဒီနို တစ်ယောက်ယောက်နှင့်တွဲပြီး တော်တီက ရှေ့တန်းတိုက်စစ်မှူးအဖြစ် ကစားသွားဖွယ်ရှိသည်။ ရိုးမားအသင်းတွင် တော်တီအား ရှေ့တန်း၌ တစ်ယောက်တည်းအထောင်ထား ကစားလေ့ရှိသည်။ ထို့ကြောင့် နည်းပြလစ်ပီက တော်တီကိုရှေ့တန်းတွင် တင်ကစားရန် တွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေလိမ့်မည်မဟုတ်ဟု ယူဆရသည်။

အီတလီအသင်း၏ နောက်တန်းတွင် ဖေးဘီရိုကန်နာဘာရို၊ အလက်ဇန်ဒရာနက်စတာ၊ ဂျီအန် လူးကာဇမ်ဘရော့တာတို့ ကစားဖွယ်ရှိသည်။ အလယ်တန်းမှာ မောရိကာမိုရန်နက်ဆီ၊ ဂျန်နာလိုဂတ်တူဆို၊ အန်ဒရီယာပါလိုတို့ဖြင့်စတင်ကစားနိုင်သည်။

နည်းပြဆရာလစ်ပီ လောလောဆယ်ခေါင်းစားနေသော ပြဿနာမှာ ရှေ့တန်းတိုက်စစ်မှူးများကိစ္စဖြစ်သည်။ မကြာသေးမီက ဒဲလ်ပီယာရို ကစားခဲ့သောပွဲများအရ အကောင်းဆုံးအနေအထားမှာရှိနေခဲ့သည်။ ထို့ကြောင့် နည်းပြဆရာက တိုက်စစ်မှူး ငါးယောက် ခေါ်လာလိမ့်မည်ဟု ယူဆရသည်။ အခြားတစ်နေရာမှ ကစားသမားတစ်ဦးကိုတော့ လျှော့ရလိမ့်မည်။ ပင်ကို စွမ်းရည်ကောင်းသော အန်တိုနီရိုဆက်ဆန်နို၊ ဖိလစ်အင်ဇာဂီ၊ တိုက်ရည်ခိုက်ရည်ဝနေသည့် ဝါရင့်ကစားသမား ဗီအဲရာ၊ လူငယ်သွေးသစ် ဗင်ဆန်ဇိုလက်ကွင်းန်တာကို ဖြုတ်ထား၍မရ၊ ဤတိုက်စစ်မှူးများသည် ပြိုင်ဘက်နောက်တန်းကို အကြီးအကျယ်ဒုက္ခပေးမည့်သူများ ဖြစ်သည်။

ဂိုးသမားနေရာ အတွက်လည်း နည်းနည်းစိုးရိမ်စရာရှိသည်။ ပထမဦးစားပေးထားသော ဘတ်ဖွန်သည် ပခုံးဒဏ်ရာ ပျောက်ကင်း၍ ပြန်ဖမ်းခါစပင်ရှိသေးသည်။ ယခင်ဖမ်းသောလက်ရည်မမီသေးဘဲရှိသည်။ ။

အီတလီ လက်ရွေးစင် ဘောလုံးအသင်းကို တွေ့ရစဉ်။

နတ်တလင်းမြို့နယ်အသင်း(ရန်ကုန်) ရွှေရတုနှင့် နှစ်ပတ်လည်ကျင်းပမည်

ရန်ကုန် မေ ၁၈

နတ်တလင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် အခမ်းအနား၊ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် ဘွဲ့ထူးဂုဏ်ထူးရ ပုဂ္ဂိုလ်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ဇွန် ၁၁ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်(အလယ်ပစ္စယာ) အာဇာနည်လမ်းရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အသက်(၇၅)နှစ်နှင့်အထက် အဘိုး/အဘွားများ၊ ပညာရည်ချွန်ဆုရရှိသူများ၊ နိုင်ငံတော်အဆင့်ပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိသူများနှင့် နိုင်ငံတော်က ချီးမြှင့်သည့် ဘွဲ့ထူးဂုဏ်ထူးရရှိသူများသည် ဒေါ်ဝင်းကြည်(ဥက္ကဋ္ဌ) ဖုန်း-၂၉၄၂၈၂၊ ဦးမောင်မောင်ထွန်း (ဒု-ဥက္ကဋ္ဌ) ဖုန်း-၆၆၆၂၇၈၊ ဦးလှသန်း(ဘဏ္ဍာရေးမှူး) ဖုန်း-၅၃၇၈၃၉နှင့် ဦးဝင်းအောင် (အတွင်းရေးမှူး) ဖုန်း ၀၉-၅၀-၀၃၂၆၈တို့သို့ ဆက်သွယ်၍ ဇွန် ၃ရက် အရောက် ကြိုတင်စာရင်းပေးပို့ကြပါရန်နှင့် အစည်းအဝေးတက်ရောက်ကြပါရန် ဖိတ်ကြားနှိုးဆော်ထားသည်။ (က-ပ)

ဆောက်လုပ်ရေး ငွေလှူ

မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်ရိပ်သာ ဆောက်လုပ်နိုင်ရန်အတွက် အလှူရှင် ဒေါ်တင်မေက ငွေကျပ်တစ်သိန်းပေးအပ်လှူဒါန်းရာ ရိပ်သာဥက္ကဋ္ဌ ဦးကျော်ဦး လက်ခံရယူစဉ်။ (က-ပ)

မိဘများကို ရည်စူး၍ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)မိုင်၊ သာယာကုန်းရှမ်းရွာနေ ဦးအေး-ဒေါ်ခင်ရီ၊ သားသမီးမြေးတစ်စုတို့က ရန်ကုန်မြို့ ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်ငါးသိန်းကို အနုနာယက ဆရာတော်ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီးတိ-နိ(ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သလွံစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းပြုပြင်တည်ဆောက်မှုလုပ်ငန်းများအတွက် မေ ၁၄ရက်က မော်လမြိုင်မြို့ မန္တလေးရပ်နေ ကွယ်လွန်သူ အဘိုး ဦးကင်ရှိန်း၊ အဘွား ဒေါ်ရော်ကျို၊ အဘ ဦးစိန်ကြက်တို့အား ရည်စူး၍ ဒေါ်ကျင်မွှေးမိသားစုက ငွေကျပ်တစ်သိန်းပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင် လက်ခံရယူစဉ်။ (၃၀၇)

နာရေးကူညီမှုအသင်း(ရန်ကုန်)၏ နာရေးကူညီမှုကိစ္စများဆောင်ရွက်ရန် တတိယအကြိမ် အလှူငွေကျပ်၁၄၁သိန်းကို တရုတ်(တိုင်ပေ)မှ အလှူရှင်များ၏ ကိုယ်စား Mr. Liu Wei Chunက မေ၁၇ရက်တွင် သဃ်န်းကျွန်းမြို့နယ် (၁၆/၂)ရပ်ကွက်ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက်ဝင်းအတွင်းရှိ အသင်းခန်းမသို့ လာရောက်လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ လက်ခံရယူပြီးဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။ (က-ပ)

နေပြည်တော်–ပုဂံ–နေပြည်တော် အမြန်ရထား နေ့စဉ်အချိန်မှန် ပြေးဆွဲမည် ရန်ကုန်မှပုဂံသို့ တောက်လျှောက်သွားလိုသူများ ချိတ်ဆက်စီးနင်းနိုင်ရန် စီစဉ်ထား မေ ၂၅ ရက်မှစ၍ နေပြည်တော်–ပြည်–နေပြည်တော် အမြန်ရထားပြေးဆွဲမည်

နေပြည်တော်　　မေ　　၁၈

နေပြည်တော်–ပုဂံ–နေပြည်တော် အမြန်ရထား စတင်ပြေးဆွဲသည့် အခမ်းအနားကို ယနေ့နံနက် ၇နာရီတွင် နေပြည်တော်မြို့ ပျဉ်းမနားဘူတာ၌ ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း တက်ရောက်အားပေးချီးမြှင့်ပြီး အမြန်ရထား စတင်ပြေးဆွဲသည့် အထိမ်းအမှတ် လက်ဆောင်ပစ္စည်းများကို ခရီးသွားပြည်သူများအား ပေးအပ်သည်။

အခမ်းအနားသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ မြန်မာ့မီးရထားမှ ဝန်ထမ်းများ၊ ဧည့်သည်များ၊ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများတက်ရောက်ကြသည်။

ရှေးဦးစွာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် နံနက် ၇နာရီတွင် နေပြည်တော်မြို့ ပျဉ်းမနားဘူတာသို့ရောက်ရှိလာပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဧည့်သည်များနှင့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဝန်ကြီးသည် ပျဉ်းမနားဘူတာအမှတ်(၁)စင်္ကြံမှ ပုဂံဘူတာသို့ စတင်ထွက်ခွာမည့် အမှတ်(၁၀၇)အဆန် နေပြည်တော်–ပုဂံ အမြန်ရထား RBE စက်ခေါင်းကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများဖြစ်ကြသော သူရဦးသောင်းလွင်နှင့် ဦးဖေသန်းတို့က **စာမျက်နှာ ၆ ကော်လံ ၃ သို့ ✧**

ရထားပို့ဆောင်ရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း နှင့် အဖွဲ့ဝင်များ အမှတ် (၁၀၇) အဆန် နေပြည်တော်–ပုဂံ အမြန်ရထားဖြင့် လိုက်ပါသွားသည့် ခရီးသွား ရဟန်းရှင်လူ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)



စတုတ္ထအကြိမ် စာပေညီလာခံ ဂုဏ်ပြုအလှူငွေပေးအပ်ပွဲ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်အားပေး

ရန်ကုန်　　မေ　　၁၈

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် စာပေညီလာခံဂုဏ်ပြု အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်အားပေးသည်။

အဆိုပါအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊စာပေနှင့် စာနယ်ဇင်းများမှ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ သုတစွယ်စုံစာအုပ်တိုက်မှ ဒေါက်တာတင်ထွန်းဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

အခမ်းအနားတွင် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း–တွံတေး)က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း၊ ဇနီး ဒေါ်ကြည်ကြည်ဝင်းနှင့် မိသားစုတို့၏ လှူဒါန်းငွေကျပ် ၅၀၀၀၀ ကို ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်း အဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)ထံ ပေးအပ်လှူဒါန်းသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆

ကိုရီးယားပညာရှင်များ လူပုံတူစက်ရုပ်တီထွင်

ဆိုးလ်　　မေ　　၁၇

ကိုရီးယားသိပ္ပံပညာရှင်တစ်စုသည် စကားပြောနိုင်၊ အမူအရာလုပ်နိုင်၊ လက်များလှုပ်ပြနိုင်သည့်အပြင် ပျော်ရွှင်ဟန်၊ စိတ်ဆိုးဟန်နှင့် ဝမ်းနည်းပူဆွေး ဟန်များပြုလုပ်နိုင်သော လူပုံတူစက်ရုပ်တစ်ရုပ်ကို ထုတ်ဖော်ပြသခဲ့ကြသည်။

ထိုစက်ရုပ်၏အမည်မှာ အီဗာ–ဝမ်းဖြစ်ပြီး ၎င်းကိုအသက်(၂၀)ဝန်းကျင်ရှိ ကိုရီးယားအမျိုးသမီးငယ်တစ်ဦး၏ ပုံသဏ္ဌာန်ပြုလုပ်ထားသည်။ အဆိုပါစက်ရုပ်၏အသားအရေကို အထူး စီမံပြုလုပ်ထားသဖြင့် လူ့အသားနှင့် ထိတွေ့ရသကဲ့သို့ အထိအတွေ့မျိုးကိုခံစားရသည်ဟုဆိုသည်။

အီဗာ–ဝမ်းစက်ရုပ်သည် မျက်လုံးလှုပ်ရှားကစားနိုင်စွမ်းလည်းရှိသည်။ ယင်းလူပုံတူစက်ရုပ်ကို **စာမျက်နှာ ၆ ကော်လံ ၁ သို့ ❍**



အင်တာနက် သတင်း

ကိုရီးယား ရှိဘော့ စက်ရုပ်ပညာရှင်များတီထွင်သော ဟန်ပန်အမူအရာ လုပ်နိုင်သည့် အီဗာ–ဝမ်း လူပုံတူစက်ရုပ်ကို ကလေးများနှင့်အတူ တွေ့ရစဉ်။
ဓာတ်ပုံ–အင်တာနက်။